
# အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော

## ဝဋ်သုံးပါးလည်ပုံ

ကိလေသဝဋ် ၊ ကမ္မဝဋ် ၊ ဝိပါကဝဋ်

(၃) ပါး (၂) ပါး (၇) ပါး




မူလနှစ်ဖြာ, သစ္စာနှစ်ခု, လေးခုအလွှာ, အင်္ဂါတစ်ဆယ့်နှစ်ပါး,
တရားကိုယ်များနှင့်, သုံးပါးအစပ်, နှစ်ရပ်မူလ, ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ, ခြင်းရာနှစ်ဆယ်, ဤရှစ်သွယ်ကို, အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

## မိုးကုတ်ဆရာတော်ဘုရားကြီး

၏

## ဥပနိဿယအတိုင်း

# ဇော (၇) ကြိမ်

နှင့်

# အာစိဏ္ဏကံ အာသန္နကံ


# ဆောင်ရန် ရှောင်ရန်

# တရားတော်

စီစဉ်ထုတ်ဝေသူ ဦးခင်စိုး

## ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း,လည်ပုံ,ဖြတ်ပုံ,ဒေသနာ





## စိတ္တာနုပဿနာရှုပွားနည်း

[illegible]


http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးအာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးသူအမှာစာ။ | |
| ၂။ | ဝင်္ဂသုံးပါးလည်ပုံ စာနှင့်ပြ ---- | ၁ မှ ၂ |
| ၃။ | ဝင်္ဂသုံးပါးလည်ပုံ ပုံစံပြ ---- | ၂ မှ ၃ |
| ၄။ | စက်ဝိုင်းမှာ ဝင်္ဂသုံးပါးလည်ရာဌာန ---- | ၃ မှ ၅ |
| ၅။ | ပထမဇော အကျိုးပေးပုံ ---- | ၅ |
| ၆။ | နန္ဒိယသူဌေး ပဋ္ဌမဇောအကျိုးပေးပုံ ---- | ၈ |
| ၇။ | ဇော (၇) ကြိမ်လည်ပုံ ပုံစံပြ ---- | ၉ |
| ၈။ | ဘုရားလောင်းနှင့် စိဥ္စမာန အမျိုးသမီး ပြဿနာ ---- | ၁၀ မှ ၁၃ |
| ၉။ | ရှင်မောဂ္ဂလန်ကိုယ်တော်မြတ်ကြီး နောက်ဆုံး(ပစ္ဆိမဘဝိက)မှာပင် ဝင်္ဂကြွေး ဆပ်လိုက်ရသေးသည်။ (ပဋ္ဌမဇော)သတ္တိပါ။ | |
| ၁၀။ | အာစိဏ္ဏကံကုသိုလ်နှင့် အာသန္နကံ အကုသိုလ် ပုံစံပြနှင့်အကျယ်--- | ၁၄ မှ ၁၉ |
| ၁၁။ | အာစိဏ္ဏကံကို နွားပျိုဥပမာပြ၍ အာသန္နကံကို နွားအိုနှင့်ဥပမာပြပုံ---- | ၁၅ မှ ၁၇ |
| ၁၂။ | ဘုရားနှင့်အတူ သီတင်းသုံးသော ဦးတိဿရဟန်းကြီး သန်းဘဝရောက်ရပုံ--- | ၁၇ မှ ၁၉ |
| ၁၃။ | အဖေမုဆိုးကို သားရဟန္တာက သေခါနီးကပ်၍ ကယ်တင်ပုံ ---- | ၁၉ |

http://www.dhammadownload.com


၁၄။ သတိပဋ္ဌာန် (၄) ပါးနှင့် သမ္မပ္ပဓာန် (၄) ပါး
ပိုင်လျှင် အသေတတ်ပါပြီ ---- ၂၀
၁၅။ (၃၁) ဘုံ လည်စေတတ်သော
ကုသိုလ်ကောင်းမှု မည်မျှလုပ်စေကာမူ
ဒုဂ္ဂတိ အမြဲနေအိမ်သို့ တဖန်ပြန်ရမြဲပါ---- ၂၂ မှ ၂၃
၁၆။ ဇော(၇)ကြိမ်နှင့် အာသန္နကံ ---- ၂၃ မှ ၂၄
၁၇။ သောတာနုဂတသုတ် ---- ၂၅
၁၈။ ကိုယ်ပြုခဲ့သော ကောင်းကျိုးဆိုးပြစ်တွေသည်
အဟောသိကံမဖြစ်ပုံ တရားတော် ---- ၂၇
၁၉။ အမြဲကုသိုလ်ပြုနေသော ပုဂ္ဂိုလ်သည်
အကုသိုလ်နှင့်အကျိုးမပေးပုံ။
ဒေါက်တာမောင်မောင်ကြီး ဥပမာပြ ---- ၂၈
၂၀။ ဦးမြင့်ဆွေ၏ အတိတ်, ပစ္စုပ္ပန်, အနာဂတ်
ဘဝသုံးပါး ကြည့်ကြပါစို့ ---- ၂၉ မှ ၃၅
၂၁။ ဇော(၇)ကြိမ် ----- ၃၂
၂၂။ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာ
ဗုဒ္ဓဘာသာမှ သိခွင့်ရသည် ---- ၃၇ မှ ၃၈
၂၃။ လူဆင်းရဲမိဘမှမွေး၍ မြို့မှာ လူတစ်လုံး
သူတစ်လုံး နေနိုင်သော ဦးထွန်းပိုင် ---- ၃၉ မှ ၄၂
၂၄။ လူဆင်းရဲမိဘမှမွေး၍ မြို့မှာ
မြေစာရင်းဦးစီးအရာရှိဘဝနှင့် လူတစ်လုံး
သူတစ်လုံး နေနိုင်သော ဦးချစ်သန်း ---- ၄၃ မှ ၄၆

၂၅။ ဗိမ္ဗိသာရမင်းကြီးနှင့် ဝေဒေဟီမိဖုရားကြီးတို့မှ မွေးဖွားသော အဇာတသတ်မင်းသား အကြောင်း ---- ၄၇ မှ ၅၃

၂၆။ ကိလေသာအပူမီးလောင်မြိုက်ခံရတဲ့အခါ၊ မနောအကြည်ဓါတ်မှာ ပူဆွေးသောက ပရိဒေဝ၊ ရောက်တယ်ဆိုတာ နိယာမတရားဖြစ်ကြောင်း ရှင်းပြပုံ ---- ၅၄ မှ ၅၆

၂၇။ မနောဝိညာဏ်သည် ပဥ္စဝိညာဏ်မှပို့သော အလုပ်ကိုလည်းလုပ်ရသည်။ မနောဝိညာဏ်မှ အလုပ်ကိုလည်းလုပ်ရပုံ စာနှင့်ပုံစံပြ ---- ၅၇ မှ ၆၀

၂၈။ အဇာတသတ်၏ ပဋိစ္စသမုပ္ပါဒ် ပုံစံပြနှင့် စာရှင်းပြပုံ ---- ၆၀ မှ ၆၃

၂၉။ အဖသတ်သား (၅)ဆက် ---- ၆၃

၃၀။ တရားအားထုတ်သူကိုယ်တိုင်သိတဲ့ တရားဂုဏ်တော် (၆)ပါး---- ၆၄

၃၁။ ဘုရားလောင်းသည် ကဆုန်လပြည့်နေ့တွင် ပဋိစ္စသမုပ္ပါဒ်နှလုံးသွင်း၍ ပု, ဒိ, အာ ဉာဏ်တော်ရ၍ ဘုရားဖြစ်ပုံ ---- ၆၅ မှ ၆၆

၃၂။ ပဋိစ္စသမုပ္ပါဒ် အနုလောမ ရှင်းပြပုံ ---- ၆၇ မှ ၇၉

၃၃။ အဝိဇ္ဇာ (၄) မျိုး ---- ၇၉

http://www.dhammadownload.com

၃၄။ သိကောင်းတာမသိတဲ့ အဝိဇ္ဇာ ---- ၇၉
၃၅။ အဝိဇ္ဇာ (၅)မျိုး ---- ၈၀
၃၆။ အာသဝနှင့် အဝိဇ္ဇာ အပြန်အလှန်
ဆက်နွယ်ပုံ ---- ၈၀
၃၇။ မရဏာသန္နဇော ---- ၈၀
၃၈။ အာသဝေါတရား (၄)ပါး ---- ၈၁
၃၉။ တိဟိတ်ပုဂ္ဂိုလ် ---- ၈၂
၄၀။ တိဟိတ်ပုဂ္ဂိုလ်သည် ---- ၈၂
၄၁။ ဒွိဟိတ်ပုဂ္ဂိုလ်များသည် ---- ၈၃ မှ ၈၆
၄၂။ ဒွိဟိတ်ပုဂ္ဂိုလ်များ ဝင်္ဂမကျွတ်၊
ဂ်မပြတ်လည်ပုံ ပုံစံပြ---- ၈၇
၄၃။ တဏှာနှစ်မျိုးခွဲပြပုံ ---- ၈၈
၄၄။ အဝိဇ္ဇာနှင့် တဏှာသည် ကုသလလား၊
အကုသလလားဟု အမေးအဖြေ---- ၈၉ မှ ၉၀
၄၅။ တရားနှလုံးသွင်းခြင်းနှင့် တရားအားထုတ်ခြင်း
အတူတူလား တခြားစီလား အမေးအဖြေ--- ၉၁ မှ ၉၈
ဤတရားစာအုပ်ကြည့်သော ယောဂီအား
အကြံဉာဏ်ပြုလိုသည်မှာ စာမျက်နှာ(၉၁ မှ
၉၈)ထိ သဘောပေါက်အောင်ကြည့်လျှင်
ခန္ဓာမှာသမ္မာဒိဋ္ဌိဉာဏ်ဖြစ်လာပါလိမ့်မည် ----
၄၆။ အတုယူဖွယ်ကောင်းသော
လယ်တီဆရာတော်ဘုရားကြီး၏ ဒါန ---- ၉၉

http://www.dhammadownload.com

# စာရေးသူ၏အမှာ

ကျွန်တော် ဤစာအုပ်ကို ပြုစုရေးသားရသည်မှာ *အလွန်စိတ်အားထက်သန်သောသဒ္ဓါတရားနှင့်ရေးသားရတာပါ* ဟု ထုတ်ဖော်ရခြင်းမှာ၊ ကျွန်တော်သည် အာရုံကြောညပ်၍ လမ်းမသွားနိုင်ပါ။ အိပ်ရာမှ အိပ်၍ရေးရပါသည်။

ကျွန်တော်အသက်(၇၄)နှစ် ရှိနေပါ၍ သေဖို့ တဖြည်းဖြည်း နီးပါပြီ။ မသေခင်မှာ *မိုးကုတ်ဆရာတော်ဘုရားကြီး* ဟောကြားပို့ချသည့် အသိခက်၍ တန်ဘိုးမဖြတ်နိုင်သော တရားများကို ကျွန်တော်သိသလို ယောဂီများ သိစေလိုပါသည်။

ယောဂီသစ်များအား ဉာဏ်သက်ရောက်စေလို၍ အသေတတ်အောင် ဥပမာများနှင့်ရေးထားပါသည်။ *အနေမတတ်ပဲနဲ့ အသေမတတ်ပါ။ အနေကောင်းမှ အသေကောင်းမည်၊ အနေဆိုးလျှင် အသေဆိုးမည်။* ကျွန်တော်ကတော့ သေတတ်ပြီ။

မိုးကုတ်တရား လိုက်စားခါစ၊ ယောဂီများအား အထောက်အပံ့ ဖြစ်စေခြင်းငှာ *သေခါနီးအရေးကြီး၍ ရှောင်ရန်၊ ဆောင်ရန်၊* တရားများကို အသေးစိတ်ရှင်းပြလိုပါ၍၊ ဉာဏ်ကဆရာတော်ဘုရား၏ တရားပေါ်မှာ နှလုံးသွင်း၍ ရောဂါရသောခန္ဓာနှင့် ဒုက္ခခံ၍ ကြိုးစားရေးထားပါသည်။

http://www.dhammadownload.com

ဇော(၇)ကြိမ် အကျိုးပေးပုံနှင့် အာစိဏ္ဏ ကို အာသန္နကံ က ခြယ်လှယ်ပုံများနှင့် ဒိဋ္ဌဓမ္မ တိဟိတ် တို့၏ ကုသိုလ်တရားများနှင့် လုပ်ဆောင်မှုများ ရှင်းပြထားပါသည်။

ပဋိစ္စသမုပ္ပါဒ်ပုံမျိုးစုံကို မိုးကုတ်ဆရာတော်ဘုရားကြီး၏ဟောစဉ်များမှ ဆရာတော်ဘုရားကြီး၏ ဥပနိဿယ နှင့် တင်ပြ ရေးသားထားပါသည်။ ဝဋ်(၃)ပါးလည်ပုံ ကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတော်များမှ ဝဋ်သုံးပါးလည်ပုံမှာပါသော၊ ကိလေသဝဋ်(၃)ပါးနှင့်ကမ္မဝဋ်(၂)ပါးကြောင့် ဝိပါက ဝဋ်ဆင်းရပုံကို ပဋိစ္စသမုပ္ပါဒ် နှင့် ပုံစံပြ၍ ရှင်းပြထားပါသည်။

တစ်ချို့သော ယောဂီသစ်များသည် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနံပါတ်(၄)မှာ သေပြီးနောက် ရမည့်ခန္ဓာသည် ဝိပါကဝဋ်(၈)ပါးဟု သိကြပါသည်။ ယင်း (၂) အကွက်မှာရေးထားသောခန္ဓာကြီးသည် ဝိပါကဝဋ်(၈)ပါး ဆိုတာ သိစေလို၍၊ ဝဋ် (၃) ပါးလည်ပုံစက်ဝိုင်း ပြရခြင်းဖြစ်ပါသည်။

ဦးခင်စိုး
မိုးကုတ်ဝိပဿနာပြန့်ပွားရေး
မြစန္ဒာလမ်း၊ ၂၇×၂၈ကြား၊
အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုန်း - ၆၆၂၀၉

http://www.dhammadownload.com

# နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး အား ဦးထိပ်ပန်ဆင်လျက် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ နှင့်အညီ ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် ဒေသနာ စက်ဝိုင်းကို၊ အမှီပြု၍ *တစ်ကဏ္ဍစီ၊ တစ်ကဏ္ဍစီ* ရှင်းလင်းအောင် ရေးသားညွှန်ပြပေးပါမည်ခင်ဗျား။ ယခုတင်ပြ သောတရားသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာ နှင့်အညီ *ကိလေသဝဋ်* အရင်းခံသောကြောင့် *ကမ္မဝဋ်* ပြုလုပ်ပါသည်ခင်ဗျား။*ကမ္မဝဋ်* ကြောင့် *ဝိပါကဝဋ်ဒုက္ခသစ္စာကြီး* ကဖြင့် *(၃၁) ဘုံမှာ ဓန္ဓာအိမ်* တွေဆောက်ရတာဖြင့် နားရတယ်ဟုမရှိပါဘူး ခင်ဗျား။

*ဝဋ် (၃) ပါးသည် (၃၁) ဘုံမှာ ခန္ဓာဒုက္ခကြီး* ရပြီး တော့၊ မဆုံးနိုင်သော *သံသရာစရီးသည်ကြီး*ပါခင်ဗျား။ ကိုယ် ပြုသော *ကိလေသဝဋ်* နှင့် *ကမ္မဝဋ်* အကြောင်းခံ၍ *ဒုက္ခ* အမျိုး မျိုး တွေ့ရတာကတော့ *ခန္ဓာ* ရတဲ့ *သဏ္ဍာဝါ* တိုင်း မလွတ်တမ်း တွေ့ကြုံခံစားရသော အကျိုးတရားကြီးပါခင်ဗျား။

*ဝဋ် (၃) ပါးလည်ပုံ* ကိုစက်ဝိုင်းဖြင့် အခြေခံကို သဘောပေါက်အောင် တင်ပြပါမည်ခင်ဗျား။


*ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး* (၁၁-၈-၆၁) နေ့ ဟောသော၊ *ဝဋ် (၃) ပါးလည်ပုံ* တရားတော်မှ၊

http://www.dhammadownload.com



အမှတ်စဉ် စာအုပ်(၁၇)၊ စာမျက်နှာ (၈၇) မှာပါသော တရားတော်ကို စက်ဝိုင်းပုံနှင့်တကွ ရှင်းပြပါမည်။

## ဝဋ်လည်ပုံစက်ဝိုင်း




ကိလေသာ ကြောင့်၊ ကမ္မ ဖြပြင် ဝိပါကဝဋ် မလွတ်နိုင်ပင်ဟု ပညာရှိသူတော်စဉ်များ ရေးစပ်ထားခဲ့ပါသည်။

http://www.dhammadownload.com


| | | |
|---|---|---|
| အဝိဇ္ဇာ<br>တဏှာ<br>ဥပါဒါန် | ကိလေသဝဋ် (၃) ပါး– | သမုဒယသစ္စာ |
| သင်္ခါရ<br>ကမ္မဘဝ | ကမ္မဝဋ် (၂) ပါး– | သမုဒယသစ္စာ |
| ၁။ ဝိညာဏ်<br>၂။ နာမ်ရုပ်<br>၃။ သဠာယတန<br>၄။ ဖဿ<br>၅။ ဝေဒနာ<br>၆။ ဇာတိ<br>၇။ ဥပပတ္တိဘဝ<br>၈။ ဇရာမရဏ | ဝိပါကဝဋ် (၈) ပါး– | ဒုက္ခသစ္စာ |

ယခု စက်ဝိုင်းလည်ပြထားသော (၁) အကွက်နှင့် (၂) အကွက်ကို ကြည့်ပါစို့ ခင်ဗျား။

*အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏံ။*

http://www.dhammadownload.com


ဘုရားတရားတော်ကြီး ဖြစ်သော်လည်း၊ ကျွန်တော်တို့က မိုးကုတ်ဆရာတော်ဘုရားကြီးဟောမှ သိရပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီးက ဘုရားနည်းယူ၍ ဝဋ်သုံးပါးလည်ပုံ ပြပါသည်။ ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကိုလည်း ပြပါသည်။

ယခုပြမည့် တရားတော်သည် *ကိလေသဝဋ်ကြောင့်၊ ကမ္မဝဋ်* ဖြစ်လာပုံ *ကိလေသာဝဋ်* နှင့် *ကမ္မဝဋ် (၂) ပါး* အကြောင်းပြုမိသောကြောင့်၊ *ဝိပါကဝဋ်* *ဒုက္ခသစ္စာကြီး* ရတာပါခင်ဗျား။ အကြောင်းတရား *သမုဒယသစ္စာ၊ ကိလေသဝဋ်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊* ဆန်းကြယ်သလောက် *သင်္ခါရ* နှင့် *ကမ္မဘဝ* တို့က ပြုလုပ်ကြပါသည်။

*ဝိပါကဝဋ်* ထဲမှာမွေးကင်းစမှ သေသည်အထိ ကောင်းကျိုး၊ ဆိုးပြစ်နှင့် လုံးထွေးနေပါသည်။ *ပဋိစ္စသမုပ္ပါဒ်* (၁) အကွက်၊ *ကိလေသဝဋ်* နှင့် *ကမ္မဝဋ်* တို့ အကြောင်းတရား ဆန်းကြယ်သလောက်၊ *ခန္ဓာရုတ် (၂) အကွက်၊ ဝိပါကဝဋ် (၈) ပါး* အကျိုးတရားသည် မည်မျှဆန်းကြယ်သလဲ ဆိုလျှင်၊ *မြန်မာပြည်တွင် လူဦးရေ (သန်း၅၂)* ကျော်မှာ တစ်ဦးချင်း၏ *အကျိုးပေးမတူကြပုံ* သာကြည့်ပါတော့ခင်ဗျား။

လူတစ်ယောက်မှာ တစ်နေ့အိပ်ချိန် (၈) နာရီချန်၍၊ တစ်နေ့တာ (၁၆) နာရီအတွင်းမှာ *ကုသိုလ်ပြုတဲ့ကံ* ရှိဘို့ အလွန်အရေးကြီးပါသည်။ ကံပြုတိုင်း *ကုသိုလ်* ပြုသော်ရှင်း၊ *အကုသိုလ်* ပြုသော်ရှင်း၊ *ဇော (၇) ကြိမ်* နှင့်အကျိုးပေးပါသည်။

http://www.dhammadownload.com



- ပထမဓာသည် (၇) ရက်၊ (၇) လ၊ (၇) နှစ် အတွင်း အကျိုးပေးတတ်ပါသည်။
- သတ္တမဓာ သည် ဒုတိယဘဝ အကျိုးပေးပါသည်။
- အလယ်ဓာ(၅) ချက်က စန္ဒာမကုန်မချင်း အကျိုးပေးပါသည်။

ဓာလိုက်၍ အကျိုးပေးပုံ ရှေ့စာမျက်နှာ များတွင် ရှင်းပြပါလိမ့်မည်။ မနောမှာ ကိုယ်နှလုံးသွင်းသလို ဖြစ်ကြသော *ကာယကံမှား၊ ဝစီကံမှား* နှင့် *ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်* တို့သည် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ။ ဓာလိုက်၍အကျိုးပေးမှာပါ။ အဟောသိကံ မဖြစ်ပါခင်ဗျား။

## ကံပြုတိုင်း(ဓာ) ၇ကြိမ်အကျိုးပေးပုံ

| ပထမမြောက် | ပဉ္စမမြောက် | သတ္တမမြောက် |
|---|---|---|
| ၁ | အလယ်ဓာ(၅)ချက် | နောက်ဆုံးဓာ |
| ပထမဓာ | ပဉ္စမဓာ | သတ္တမဓာ |
| ယခုဘဝအကျိုးပေးမည် | စန္ဒာရှိသ၍ရောက်ရာဘဝမှာ အလျင်းသင့်သလိုအကျိုး ပေးသည်။ | ဒုတိယဘဝမှာ အကျိုးပေးသည် |

ကိုယ်ပြုသောကံသည် ဂရုကံ၊ လဟုကံ ဟုနှစ်မျိုးရှိပါသည်။ ဂရုကံသည် ကြီးသောကံ ဖြစ်ပါသည်။ လဟုကံ သည် မကြီး၍ ပေါ့သောကံ ဖြစ်ပါသည်။

http://www.dhammadownload.com


ကြီးမားသောကံဟူသည် ဘုရား နှင့် ရဟန္တာ အရှင်မြတ်များအား၊ သက်တော်ထင်ရှား ရှိစဉ်မှာ ဆွမ်း၊ ဆေး၊ ကျောင်း၊ သင်္ကန်း စသော၊ ပစ္စည်းလေးပါးများကို စေတနာသုံးတန် နှင့် (ပုဗ္ဗ မုဉ္စ ပရ) စေတနာနှင့် လှူဒါန်းခြင်းဖြစ်ပါသည်။ မိထွေးတော်ဂေါတမီ၊ ဘုရားအား၊ သင်္ကန်း လှူသောအခါမှာ ဘုရားက မိထွေးတော်ဂေါတမီအား မိန့်တော်မူသည်မှာ၊ ပုဂ္ဂလိက ကို မရည်စူးပဲ၊ သံဃာကိုသာလှူပါဟု မိန့်တော်မူပါသည်။

*သံဃေ တွံ ဂေါတမီ ဒေဟိ။*
*အသင် ဂေါတမီ သံဃာ* ကိုပေးလှူပါ။
*သံဃေဒိန္နံ မဟပ္ဖလံ။*
*သံဃာ* ကိုပေးလှူခြင်းသည် များသောအကျိုးရှိ၏။
*သံဃေဒိန္နေ အဟာဉ္စေဝ ပူဇိတောဘဝိဿာမိ။*
*သံဃာ* ကို ပေးလှူသည်ရှိသော်၊ ငါဘုရားကိုလည်း ပူဇော်သည် မည်၏။

နန္ဒိယသူဌေး သည် မြတ်စွာဘုရား အား ကျောင်းဆောက်လှူဒါန်း၍ *နန္ဒိယသူဌေး၊ မသေခင်နတ်ပြည်မှာ ဘုံပေါက်နေပါသည်။*

သတ္တမဓော သည်၊ ဒုတိယဘဝမှာ အကျိုးပေးပုံကို ဓော (၇) ကြိမ် ပုံစံဇယားမှာကြည့်ပါခင်ဗျာ။

http://www.dhammadownload.com


ကျောင်းလှူသောပစ္စုပ္ပန်ဘဝမှာ၊ ဘုရားအား လှူဒါန်းသော ကံသည် ပထမဇော၊ သတ္တိ ဖြင့် ယျှဘဝတွင်၊ ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြင့် အကျိုးပေးထူးမှာ သေချာပါသည်။

*အလယ်ဇော (၅) ချက် တစ်နည်း (ပဥ္စမဇော)* သတ္တိသည်၊ နိဗ္ဗာန်မရောက်မခြင်း ရောက်ရာဘဝမှာ၊ အလျှင်းသင့်သလို၊ အကျိုးပေးဦးမှာဟု ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဟောပါသည်။


အဖြစ်မှန်တစ်ခုကိုတင်ပြလိုသည်မှာ-

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တပည့်ရင်း မန္တလေးမြို့မှ ဦးကျော်သိန်းက၊ ဆရာတော်ဘုရားကြီး သီတင်းသုံးရန် ကျောင်းဆောက်ဆဲမှာ မိုးကုတ်ဆရာတော်ဘုရားက ကျောင်းဒါယကာ ဦးကျော်သိန်းအား မေးသည်မှာ *မောင်ကျော်သိန်း စီးပွားရေးလုပ်ငန်း အဆင်ပြေရဲ့လားဟု၊ မေးသောအခါ၊ ဦးကျော်သိန်းက ယျှဆောက်လက်စကျောင်းဖိုး ကျေပြီဘုရား* လို့လျှောက်သည်ဟု မှတ်သားခဲ့ရပါသည်။ *အရိယာအား လှူဒါန်းသော၊ ပထမဇော၏သတ္တိပါ ခင်ဗျား။* ဒိဋ္ဌဓမ္မဝေဒနီယကံဟုခေါ် နိုင်ပါသည်။

ပဋိစ္စသမုပ္ပါဒ် နှင့် တင်ပြပါမည်ခင်ဗျား။ (၂) အကွက် ပစ္စုပ္ပန် အကျိုးတစ်လှာ ဒုက္ခသစ္စာ ထဲက၊ နန္ဒိယသူဌေး သည်၊ (၃)အကွက် ဘုရားအား ကျောင်းလှူဒါန်းသည်။ သစ္စာတရား သိလို့လှူသည်ဖြစ်စေ၊ မသိဘဲလှူသည်ဖြစ်စေ၊ သစ္စာသိ၍


http://www.dhammadownload.com


ဝိဇ္ဇာဉာဏ် ဦးစီး၍၊ လှူသော ပုညာဘိသင်္ခါရ၊ သော်ဒင်း နတ် စည်းစိမ်လိုချင်၍၊ တဏှာ ဦးစီးခြံရံ၍၊ ကျောင်းလှူသော ကမ္မ သည်၊ (၄)အကွက် ဝိပါကဝဋ် (၈) ပါး၊ ဒုက္ခသစ္စာ ထဲမှာ၊ နတ်သမီးပေါင်း တစ်ဘက်တစ်သောင်းနှင့် ကာမဂုဏ်ခံစား၍၊ သစ္စာတရားမေ့နေသော အဝိဇ္ဇာနှင့် အချိန်ကုန်ခဲ့သော်၊ ဘုရား ဟောသော၊ သစ္စာတရား သာသနာနှင့် ကပ်လွဲမှာ၊ ကြောက်ရ ပါသည် ခင်ဗျား။




နန္ဒိယသူဌေးသည် ဘုရားအား ကျောင်းလှူသော ကံသည် ဇော(၇)ကြိမ် ဖြစ်ပါသည်။ လှူသောကံတစ်ခု၏ ဇော(၇)ကြိမ် ကို(၃)ပိုင်းခွဲ၍ဟောပါသည်။

http://www.dhammadownload.com


မိုးကုတ်တရားကို လိုက်စားခါစ ယောဂီများ၊ သိနားလည်စေရန် တင်ပြလိုပါသည်ခင်ဗျား။

ပဋိစ္စသမုပ္ပါဒ် နှင့် ဇော (၇) ကြိမ် ယှဉ်တွဲ၍ ပြပါမည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း (၂) အကွက်၊ ပစ္စုပ္ပန်မှာ နန္ဒိယသည် ပဋိစ္စသမုပ္ပါဒ် (၃) အကွက်မှာ၊ ဘုရားအား ကျောင်းလှူသော သတ္တမဇော ကုသိုလ်က၊ ဒုတိယဘဝအကျိုးပေးပုံမှာ နတ်ပြည်မှာ ဘုံဗိမာန်ပေါက်၍ နတ်သမီးတွေကလည်း စောင့်လို့ဆိုဘဲ။

ပထမဇောကုသိုလ်ကလည်း လူပြည်မှာ နန္ဒိယ မသေခင် ကောင်းကျိုးချမ်းသာ ပေးမှာပါ။ နန္ဒိယကျောင်းလှူသော (ပဥ္စမဇော) တစ်နည်း၊ အလယ်ဇော(၅)ချက်ကလည်း သံသရာ ရှည်သလောက် စန္ဒာရတဲ့ဘဝမှာ ထိုက်သင့်သလို အကျိုးပေးရမှာပါ။

http://www.dhammadownload.com


နန္ဒိယသူဌေးသည် ဘုရားကျောင်းဒကာ ဖြစ်သော်လည်း သစ္စာတရားမရသေးလျှင်၊ နန္ဒိယ၏ခန္ဓာသည် သံသရာရှည် ရဦးမှာပါဘဲ ခင်ဗျား။ ဒိဋ္ဌိ မပြုတ်သေးရင်လည်း အပါယ်ခန္ဓာ မကုန်သေးပါခင်ဗျား။ ဒုဂ္ဂတိခန္ဓာ ရသော်လည်း ဘုရားကျောင်း လှူသော၊ ကုသိုလ်ကံအကြောင်းအားကြောင့် (ပဋ္ဌမဇော) တစ်နည်း အလယ်ဇော(၅)ချက် အကျိုးပေးသည်။ ရောက်ရာဘဝမှာ အနေအစား ချောင်လည်သောဘဝ ရမှာပါခင်ဗျား။

ပသေနဒီကောသလမင်း နှင့် မလ္လိကာမိဖုရား တို့သည် မြတ်စွာဘုရား ကို၊ ကိုးကွယ် ဆည်းကပ် သော်လည်း တရား ရသည်ဟု စာပေမှာ မတွေ့ဘူးပါခင်ဗျား။ လောကမှာ ဘုရား နှင့် တွေ့တိုင်း တရားရသည် မဟုတ်ပါ ခင်ဗျား။ တရား နှင့် တွေ့မှသာ အပါယ် (၄) ပါး ကျွတ်သော၊ ဒုဂ္ဂတိသံသရာမှ ကျွတ်၍၊ သုဂတိခန္ဓာ နှင့် နိဗ္ဗာန် ရောက်ရာလမ်း ပွင့်မှာပါခင်ဗျား။

အလယ်ဇော (၅) ချက်ကို၊ ကျွန်တော် ဉာဏ်မှီသလောက် တင်ပြပါမည်။ ကဿပဘုရား သာသနာတော်အတွင်းမှာ၊ ဂေါတမဘုရားလောင်း နုစဉ်ဘဝက၊ စိဉ္စမာန အမည်ရှိသော အမျိုးသမီးက၊ ဓမ္မာရုံတစ်ခုအတွင်းမှာ နေ့တိုင်း တရားထိုင်စဉ်၊ ဂေါတမဘုရားအလောင်း နှင့် သေရည်၊သေရက်သောက်သော သူငယ်ချင်း အပေါင်းများက မြင်ကြသည်။ ၎င်းတို့အထဲမှ အရက်သမားတစ်ဦး က ပြောသည်မှာ၊ ဒီအမျိုးသမီး အရက်အိုးရွက်၍ နောက်ကလိုက် လာအောင် မည်သူလုပ်နိုင်သလဲဟု မေးသောအခါ၊ဂေါတမဘုရား

http://www.dhammadownload.com


*လောင်းအရက်သမားက ငါလှုပ်နိုင်တယ်။ ဘာကြေးလောင်းမလဲ* ဟုမေး၍၊ လောင်းကြေး ပြုကြပါသည်။

နောက်တစ်နေ့မှစ၍၊ ဘုရားလောင်းအရက်သမားက တရားထိုင်သော စိဋ္ဌမာန၊ ရှေ့စပ်လှမ်းလှမ်းမှ (အရက်အိုး ရှေ့မှာစျ) အမျိုးသမီးမလာခင်မှာ *ဘုရားလောင်းအရက်သမားက တရားထိုင်နေပြီး* ဘာမှမလှုပ်မယှက်၊ တည်တည်ငြိမ်ငြိမ်နှင့် ထိုင်ပြနေသည်။ အမျိုးသမီးအိမ်ပြန်ချိန် ရောက်ပြန်သော်လည်း၊ ဘုရားလောင်းက *ဆက်၍ထိုင်ပြပြီး နောက်မှအိမ်ပြန်သည်။* ဤကဲ့သို့ အပြုအမူမျိုးသည် နေ့စဉ်ရက်ဆက် ကြာသောအခါ၊ သူမက ဘုရားလောင်းအား မေးသည်မှာ၊ အသင်လုလင် တရား ထူးတွေ့သလား၊ တရားထူးရလျှင် သွန်သင်ပြသပါဟု တောင်းပန် စကားပြောသည်။ *ဘုရားလောင်းက အသင်အမျိုးသမီး တရား လိုချင်လျှင် ဤအိုးကိုရွက်၍၊ ကျွန်ုပ်နောက်က လိုက်ခဲ့ဟု ခေါ်ပါ* သည်။ ဤကဲ့သို့ အရက်အိုးရွက်၍ လိုက်လာသည်ကို ဘုရား လောင်း အရက်သမား၏ သူငယ်ချင်းများမြင်၍ လျှောင်ပြောင် တာကို သူမကသိ၍၊ ဒေါသထွက်ပြီးပြောသည်မှာ၊ သံသရာတ လျှောက် ဘဝတစ်ကွေ့မှာ အသင့်ကိုပြန်လည်၍ ကလဲ့စားချေရ ပါလို၏ဟု ပြောဆိုသည်ကို ကြားဘူးပါသည် ခင်ဗျား။ စာဖတ် သူယောဂီနှင့် ကျွန်တော် စဉ်းစားဝေဖန်ကြည့်ကြပါစို့၊ *တိဟိတ် ပုဂ္ဂိုလ်* တို့မည်သည်မှာ ကုသိုလ် အလုပ်သော်ငြင်း၊ အကုသိုလ် အလုပ်သော်ငြင်း၊ ဉာဏ်နှင့်ယှဉ်၍ သူများတကာ နှင့် မတူအောင်

http://www.dhammadownload.com



ရှပ်ရှပ်ချွံချွံ၊ ပြောင်ပြောင်မြောက်မြောက် လုပ်လေ့ရှိပါသည်။

*စိဋ္ဌမာန အမျိုးသမီးက သံသရာတစ်ကွေ့မှာ ကလဲစား ချေရပါလို့၏ ဟု ဆုတောင်းတာသည်။* ပြည့်ချင်လည်း ပြည့်မည် မပြည့်ချင်လည်းမပြည့်ပါဘူး၊ *ဇော်မဟုတ်ပါဘူး။* ဆုတောင်းတိုင်း ပြည့်မည်ဆိုလျှင် ဆုကိုသာတောင်းနေမှာပေါ့။ ကိုယ်ပြုတဲ့ *ကံအတိုင်း အကျိုးပေးတာဟု ယုံကြည်မှသာလျှင်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်မှာ၊ အလင်းရမှာပေါ့ခင်ဗျား။*

ဘုရားလောင်းက၊ တရားအားထုတ်သူ အမျိုးသမီးကို အရှက်ခွဲတဲ့ ကံသည် ပစ္စုပ္ပန်ဘဝမှာလည်း အကျိုးပေးတတ်သည်။ သတ္တမဇောသည် ဒုတိယဘဝမှာလည်း အကျိုးပေးရဦးမည်။

*အလယ်ဇော (၅) ချက်သည်၊ နောက်ဆုံးနိဗ္ဗာန် ဝင်မည့် (ပစ္ဆိမဘဝိက) ဘဝအထိ အကျိုးပေးပုံ ကြည့်ပါတော့ခင်ဗျား။*

*ဒေါ်မေရှင် သီဆိုသော၊ အောင်ခြင်း (၈) ပါးသီချင်းကို* ကြားဖူးပါ၏။ လုံးစေ့ ပတ်စေ့တော့ မမှတ်မိပါ။ *ဒေါ်မေရှင်သည် ကျွန်တော့တိုက် မြောက်ဘက်* (၁၀)အိမ်အကွာမှာ နေပါသည်။ ဒီသီချင်းပိုဒ်ကို *ဒေါ်မေရှင်ထံတောင်း၍* ဆိုပြသောကြောင့် ဤစာအုပ်မှာ ထည့်ထားခဲ့ရပါသည်။

*မြတ်ဘုရားတော် ဟောမြွက်ပါလို့၊ သိကြားဖြဗ္ဗာ အများသတ္တဝါ ဗိုလ်ပုံပရိသတ်စုံတဲ့ မင်္ဂလာပွဲမှာ စိဋ္ဌမာန မိန်းမ ယုတ်မာ သူဗိုက်ကို ဗျဉ်ချပ်ဖုံးကာ၊ ဘုရားဂေါတမနဲ့ ကမ္ဘဋ္ဌာန်း ဇောကျကာ ငိုကြွေးရှိုက်မွန်၊ ကိုယ်လေးလက်ဝန်ရှိတဲ့ ပုံဟန်*

http://www.dhammadownload.com


ဆောင်လို့ သူစွပ်စွဲလာ၊ အပြစ်တော်မယူဘဲ လူပုံထဲမှာ မေတ္တာခါတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းတဲ့အောင်ခြင်း ပဥ္စမပါ။ ဘုရားသည် ကိလေသာ ကိုသာ ပါယ်သတ်နိုင်ပါသည်။ ဘုရား အလောင်းတော် နုစဉ်အခါက ပြုမှားခဲ့သော၊ ကိုယ်ပြုခဲ့တဲ့ ကံ အကြောင်းတရားရဲ့ အကျိုးဆက်တွေကို ရောက်ရာဘဝမှာ (ဇောလိုက်၍)ခံရပါသေးသည်။

တဆက်တည်းမှာဘဲ ရေးလိုပါသေးသည်။ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး နုစဉ်အခါက၊ မိန်းမကခိုင်းလို့ မျက်မမြင်မိဘ နှစ်ပါးနှင့်အတူ လှည်းဖြင့်ခရီးသွားစဉ်၊ လမ်းခရီးမှာ သူခိုးဓါးပြ ရိုက်သည်ဟု အော်ဟစ်၍ မျက်မမြင်မိဘ (၂) ပါးအား၊ ရိုက်၍ ထားခဲ့သည်။ လွန်ခဲ့တဲ့ ဘဝပေါင်းများစွာက ပြုခဲ့တဲ့ အမှုဖြစ်သော် လည်း နောက်ဆုံးပိတ် ခန္ဓာ၊ ရဟန္တာဘဝ (ပစ္ဆိမဘဝိက) မှာပင် ခိုးသားအရိုက်ခံ၍ ပရိနိဗ္ဗာန်ပြုရပါသေးသည်။

ကိုယ်ပြုခဲ့သောကံသည် ဇော (၇) ကြိမ် မှ အလယ်ဇော (၅)ချက် (ပဥ္စမဇော) က အကျိုးပေးလိုက်တာပါခင်ဗျား။

ဓမ္မနိယာမ ဆိုတာ ခန္ဓာ ရတဲ့သူတိုင်းမှာ မည်သူ့ကိုမှ မညှာတာပါ။ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ တရားတို့ သည် ဇော (၇) ကြိမ် ကို သုံးပိုင်းခွဲ၍ အကျိုးပေးမှုတို့သည်၊ ရောက်ရာ ဘဝ မှာတောင် ကောင်းကျိုးပြုခဲ့သော ကံတရား သည် လောကီစည်းစိမ် မျိုးစုံနှင့်(စံစား)ရဦးမှာပါ။ ကိုယ်ပြုခဲ့သော အကုသိုလ်ကံတရား အလိုက် ဒုက္ခမျိုးစုံ (ခံစား) ရဦးမှာပါ ခင်ဗျား။

http://www.dhammadownload.com



အာစိဏ္ဏကံ နှင့် အာသန္နကံ ကို ကွဲကွဲပြားပြား သိရခြင်းသည် အလွန်အရေးပါ၍ အရာရောက်သော တရား ဖြစ်ပါသည်။ ရှင်းလင်းအောင် တင်ပြပါမည်ခင်ဗျား။

**အာစိဏ္ဏကံ ကုသိုလ်**
- ဥပုသ်ဆောက်တည်ခြင်း
- နေ့စဉ်ဆွမ်းလောင်းခြင်း
- စိတ်ပုတီးစိပ်ခြင်း
- ဂုဏ်တော်ရွတ်ဘာသ်ခြင်း
- သဇ္ဈာယ်ခြင်း
- သစ္စာတရားနာခြင်း
- တရားအားထုတ်ခြင်း

**အာစိဏ္ဏကံ အကုသိုလ်**
- ကာယကံ
  - ပါဏာတိပါတ
  - အဒိန္နာဒါန
  - ကာမေသုမိစ္ဆာစာရ
- ဝစီကံ
  - မုသာဝါဒ
  - ပိသုဏဝါစာ
  - ဖရုသဝါစာ
  - သမ္ဖပ္ပလာပဝါစာ
- မနောကံ
  - အဘိဇ္ဈာ
  - ဗျာပါဒ
  - မိစ္ဆာဒိဋ္ဌိ

http://www.dhammadownload.com


## အာစိဏ္ဏကံဟူသည်

အမြဲနေ့စဉ်ပြုနေသော *ကုသိုလ်တရား* ကို အာစိဏ္ဏကံ ဟုခေါ်ပါသည်။

အမြဲနေ့စဉ်ပြုနေသော *အကုသိုလ်တရား* ကို အာစိဏ္ဏကံ ဟုခေါ်ပါသည်။

## အာသန္နကံဟူသည်

ဝိညာဏ် ချုပ်ခါနီး၊ သေခါနီး ကပ်၍ ပေါ်လာသော *ကုသိုလ်တရားကို အာသန္နကံဟုခေါ်ပါသည်။*

ဝိညာဏ် ချုပ်ခါနီး၊ သေခါနီး ကပ်၍ ပေါ်လာသော *အကုသိုလ်တရားကို အာသန္နကံဟုခေါ်ပါသည်။*

သေခါနီးကာလမှာ ကြားဖြတ်ဝင်တတ်သော *ကုသိုလ်စိတ်* သော်၎င်း၊ *အကုသိုလ်စိတ်* သော်၎င်း၊ *အာသန္နကံ ဟုခေါ်ပါသည်။*

ဘုရားဟောတော်မူသော နွားခြံဥပမာကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အာစိဏ္ဏကံ နှင့် အာသန္နကံ တရားကို ဟောကြားပုံ အလွန်ကောင်းပါသည်။ တစ်သက်မှာ မေ့မရနိုင်သော (နွားခြံ) ဥပမာပြဖြစ်ပါသည်။

ညနေ နေဝင်ခါနီးတွင် နွားများစားကျက်မြေမှ ပြန်လာသော အချိန်တွင် နွားကျောင်းသားက နွားခြံအတွင်းသို့ မောင်း၍ သွင်းပါသည်။

*နွားပျို* များက အားကောင်းမောင်းသန်ဆိုတော့ ခြံဝမှ *ကျော်၍ နွားခြံအရင်း ရောက်အောင် သွားကြသည်။ နွားအိုများ*

http://www.dhammadownload.com


သည် ခြံအရင်း ရောက်အောင် ဘယ်လောက်ပင်ရိုက်သွင်းသော်လည်း ခြံဝမှာပင်အိပ်ကြသည်။ နံနက်မိုးလင်း၍ နွားစားကျက်မြေသို့သွားရန်၊ နွားကျောင်းသားက နွားခြံဖွင့်သောအခါ နွားအိုများက ခြံဝမှာဆိုတော့ နွားခြံအပြင်သို့ အရင်ရောက် ကြရပါသည်။ နွားပျိုတွေက နွားအိုများနောက်မှ ထွက်ခွင့်ရပါသည်။

## အာစိဏ္ဏကံနှင့်အာသန္နကံ

အကျိုးပေးပုံဝတ္ထုနှင့်တင်ပြပါမည်။

၁။ ကောသလမင်းကြီး နှင့် ကြင်ယာတော်မာလ္လိကာမိဖုရားကြီးတို့သည် ကြီးကျယ်သော အလှူမျိုးစုံ လှူခဲ့ပါသည်။အမြဲလှူနေသော အာစိဏ္ဏကံအလှူကြီးပါ။ ဤကဲ့သို့ လှူနိုင်သူမရှိ၍ အသဒိသ အလှူ ဟုထင်ပေါ်ကျော်ကြားခဲ့ပါသည်။

အမြဲလှူနေသော အာစိဏ္ဏကံ အလှူပိုင်ရှင် မာလ္လိကာမိဖုရားကြီး သည် သေခါနီးမှာ ကောသလ္လမင်းကြီးအား မုသားတစ်ချက်သုံးမိတာ အမှတ်ရ၍ ၊ စိတ်မကောင်းဖြစ်တဲ့ အာသန္နကံဖော ဝင်၍ စုတိစိတ် ကျခါနီးမှာ ဂတိနမိတ်ထင်ကာ (ငရဲ) မှာ (၇) ရက် ကျခဲ့ရပါသည် ။ ကြီးကျယ်သော အာစိဏ္ဏကံ ဒါနရှင်ကြီး (ငရဲ) မှာ (၇)ရက်ကျခံရတာသည် သေခါနီး ကြားဖြတ်ဝင်သော၊ ပြုမှားမိတဲ့ အကုသိုလ်စိတ် (အာသန္နကံ)၏ သတ္တိ ဖြစ်ပါသည်။ မာလ္လိကာမိဖုရားကြီး၏ အလှူသည် နွားပျိုနှင့်တူသော ၊ အားကောင်းမောင်းသန်သော ၊ အာစိဏ္ဏကံ ကုသိုလ်ကြီး ဖြစ်သော်

http://www.dhammadownload.com


လည်း၊ သေခါနီးမှာ ခြံဝအိပ်နေသော နွားအိုကြီးက ထ၍ အပြင် ထွက်တော့ သူ့အရင် ခြံအပြင်ရောက်ပြီးသား ဖြစ်သလိုပါပဲ။

သေခါနီး ကြားဖြတ်ဝင်လာသော အာသန္နကံ အကုသိုလ် စိတ်က ဇရဲအကျိုးပေးတာ ကို၊ အာသန္နကံ ဖြတ်၍ ဇရဲအကျိုးပေး တာ ဟု မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောကြားတာပါ။

သေခါနီးမှာ ကုသိုလ်စိတ်သော်၎င်း၊ အကုသိုလ်စိတ်သော် ၎င်း၊ နွားခြံအဝင်ဝတွင်အိပ်နေသော အားမရှိတဲ့ နွားအို လိုပါပဲ၊ နွားခြံဖွင့်တာနဲ့ နွားအိုက နွားခြံမှ အရင်ထွက်သကဲ့သို့ပါပဲ။

သေခါနီးမှာဖြတ်ထိုးဝင်လာသော ကုသိုလ် အာသန္နကံ ကလည်း နတ်ပြည်ပို့ပါသည်။ သေခါနီးမှာ ဖြတ်ထိုးဝင်လာသော အကုသိုလ် အာသန္နကံ ကလည်း အပါယ်(၄)ပါးပို့ပါသည်။

ကိုယ်ပြုတဲ့ကံ၏ ဇော(၇)ကြိမ်က အဟောသိကံ ဖြစ်ရမှာ လားဟု မေးစရာရှိပါသည်။ အာသန္နကံနှင့် ပါတ်သက်သော ဝတ္ထု (၃)ပုဒ် ရေးပြီးလျှင်၊ အားကောင်းမောင်းသန်သော နွားပျို ဥပမာ နှင့်တူသော အာစိဏ္ဏကံကုသိုလ် ၏ (ပဌမဇော) တစ်နည်း (အလယ်ဇော (၅) ချက်) အကျိုးပေးပုံပြပါဦးမည်။

၂။ ဘုရားကျောင်းတော်မှာ ဘုရားနှင့်အတူ သီတင်းသုံးတော် မူသော ဦးတိဿ ရဟန်းကြီး ဝတ္ထု (ဆရာတော် ဘုရားကြီး ၁၀-၁-၁၉၆၁ နေ့ ဟောတော်မူသောတရား) ညနေအချိန်မှာ ဦးတိဿထံသို့ နှမအရင်းက ဖျင်သက်န်းချောချောလေး လာလှူ ပါသည်။ ဦးတိဿရဟန်းကြီးကလည်း ဖျင်သက်န်းချောချောလေး

http://www.dhammadownload.com



ကိုကြည့်ပြီး အလွန်နှစ်သက် ခွဲလန်း၍ သေတ္တာမှာထည့်သိမ်းပြီး ညအိပ်သောအခါ၊ ရဟန်းကြီးလေသင်တုန်းဖြတ်၍ ပျံလွန်တော်မူပါသည်။ ဘုရားကျောင်းတော်တွင်ရှိသော သံဃာတော်များက သင်္ကန်း မှစ၍၊ ကျန်ပစ္စည်းများခွဲဝေယူကြဖို့ ပြင်ဆင်သောအခါ ဘုရားက ဒီဖျင်သင်္ကန်းမယူကြနှင့်ဦး။ (၇) ရက်ပြည့်မှယူကြပါဟု ဘုရားကမိန့်တော်မူပါသည်။

အဘယ်ကြောင့်ဆိုသော် ဦးတိဿရဟန်းကြီးသည် နှမလှူသော ဖျင်သင်္ကန်းအစွဲနှင့် သေသောအခါ၊ သင်္ကန်းမှာကပ်နေသော သန်းကြီးဖြစ်နေပါသည်။ သန်းအသက် (၇) ရက်ရှိလျှင် သန်းမှတဆင့် ဘဝပြောင်းလိမ့်မည်ဟု *ဘုရားကခြင်္ခါ* ပေးပါသည်။*မရဏာသန္နဇော ကျခါနီးမှာ ယောနိသော မနသိကာရ* ဖြစ်ဖို့ အလွန်အရေးကြီးပါသည်။

ဦးတိဿသည် ရဟန်းသီလ နှင့် ပြည့်စုံသော ( သီလဝန္တ ပုဂ္ဂိုလ်) ဖြစ်ပါသည်။ ရဟန်း ဘဝ မှ သန်း ဘဝ ဖြစ်ရတာသည် *ပျံလွန်တော်မူခါနီးမှာ သင်္ကန်းတည်းဟူသော ဝတ္ထုကာမကို ဦးတိဿ၏ ကိလေသာကာမက ခွဲလန်းသောကြောင့် အာသန္န* ကံ ဝင်၍၊ ကြားဖြတ်အကုသိုလ်က နှိပ်စက်လိုက်တာ ရဟန်း ဘဝ မှသန်း ဖြစ်ရပါသည်။

ရဟန်းဘဝမှာ သီလဝိသုဒ္ဓိ နှင့်ပြည့်စုံပါသည်။အားကောင်း မောင်းသန် ခြံအတွင်းထိပ်ရောက်သောနွားပျိုနှင့်တူတဲ့ အာစိဏ္ဏကံ သီလဝိသုဒ္ဓိကို ခြံဝမှာအိပ်နေသော နွားအိုနှင့်တူသော အာသန္နကံ

http://www.dhammadownload.com


သည် *ဝိညာဏ်ချုပ်ခါနီး* မှာ၊ ကြားဖြတ်ဝင်လို့ *အပယောနိသော မနသိကာရ* အကျိုးပေးခံရပါသည်။

၃။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားသော တရားတစ်ပုဒ်တင်ပြပါမည်။

သားက ရဟန္တာ၊ အဖေက မုဆိုး ဝတ္ထုမှာ မုဆိုးကြီးက နေ့စဉ် *အာစိဏ္ဏကံ အကုသိုလ်* နှင့် သမင်၊ ဒရယ်၊ ဂျိုငယ်၊ စိုင်၊ ဆတ်၊ယုန်စသောတွေ့ရာတိရစ္ဆာန်များကိုသတ်၍ရောင်းစားသည်မှာ ကြာခဲ့ပါပြီ။ ယ္ခု အိုမင်းမစွမ်း၍ ရောဂါဘယ နှိပ်စက်သောကြောင့် သားထံလာ၍မှီခိုနေစဉ်၊ အိပ်ရာပက်လက်မှ *ငါ့သားတိ သ ငါ့ကိုခွေးနက်ကြီးတွေဆွဲနေပြီ၊ ငါ့ကိုနှိပ်စက်မည့် လူတွေလာ* နေပြီ ဟု လန့်အော်နေတာကို သားရဟန္တာကသိ၍၊ အဖေတော့ *ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်* တွေမြင်လို့၊ လန့်အော်တာ သိသောကြောင့် ပန်း*တစ်ပွင့်ဆွတ်ယူပြီး ဘုရားအာရုံပြု၍ ပန်းကပ်ခိုင်းပါသည်။* *ဝိညာဏ်ချုပ်ခါနီးမှာ ဖြတ်ထိုး အာသန္နကံ* သည် ဘုရားလှူသောကုသိုလ်ပန်းတစ်ပွင့်ဖြစ်ပါသည်။ သားရဲတိရိစ္ဆာန်တွေကို သတ်ဖြတ်သော *အာစိဏ္ဏကံအကုသိုလ်* သည် နွားခြံထိပ်ဖျားမှာ ရောက်နေသော၊ အားကောင်းမောင်းသန်နွားပျိုနှင့်တူသော *အာစိဏ္ဏကံ* ခြံအပြင်သို့အရင် မထွက်နိုင်ပါဘူး။ ခြံဝမှာရှိတဲ့ နွားအိုက အရင်ထွက်သကဲ့သို့ *အာသန္နကံ* ဖြတ်ထိုးပန်းတစ်ပွင့်ကပ်၍ လှူတဲ့အကျိုး ( *သေခါနီးကပ်၍ အကျိုးပေးသောကံ* )သည် နတ်ပြည်ရောက်အောင်ပို့သော *အာသန္နကံ* ဖြစ်ပါသည်။

http://www.dhammadownload.com


ဗုဒ္ဓဘာသာယုံကြည်သောသူများသည်
(ပထမ) သစ္စာတရားကို ဒိဋ္ဌိပြုတ်အောင် နာရမည်။
(ဒုတိယ) သတိပဋ္ဌာန် (၄) ပါးကို သဘောပေါက်ထား ရမည်။
(တတိယ) သမ္မပ္ပဓာန် (၄) ပါးကို နားလည်၍ ယုံကြည်ရမည်။
(စတုတ္ထ) ဖြစ်ပျက်ကို ဉာဏ်မြင်အောင် အားထုတ်ရမည်။

## သတိပဋ္ဌာန် (၄) ပါးမှာ

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်
၂။ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်
၃။ စိတ္တာ နုပဿနာ သတိပဋ္ဌာန်
၄။ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်

တရားအားထုတ်သော ယောဂီသည်။သတိပဋ္ဌာန် (၄) ပါး တစ်ပါးပါးကလွဲ၍ အားထုတ်စရာမရှိပါ။

## သမ္မပ္ပဓာန် (၄) ပါးမှာ

၁။ ပြုပြီးသောကုသိုလ်တရား ပို၍တိုးပွားအောင်ကြိုးစား။
၂။ မပြုရသေးတဲ့ကုသိုလ်တရား ပြုဖြစ်အောင်ကြိုးစား။
၃။ ပြုခဲ့မိတဲ့ အကုသိုလ် နောက်ထပ်မဖြစ်အောင်ကြိုးစား မေ့ပျောက်အောင်ကြိုးစား။
၄။ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်အောင်ကြိုးစား။

http://www.dhammadownload.com


➢ မာလ္လိကာမိဖုရားကြီး အာစိဏ္ဏကံ အသဒိသဒါနအလှူကြီး ပေးသော်လည်း ငရဲ(၇)ရက်ကျရတာသည် သမ္ပပ္ပဓါန် ချို့ယွင်းမှုကြောင့် ဖြစ်ပါသည်။

ပြုပြီးသားအကုသိုလ်အမှတ်မရနဲ့ ဟု ဘုရားဆုံးမပါသည်။ မာလ္လိကာမိဖုရားကြီး က ကောသလမင်းကြီးအား မုသား သုံးခဲ့တာ အမှတ်ရတဲ့စိတ် နှင့် အာသန္နကံ ကြားဖြတ် ဝင်ချိန် စုတိစိတ်ကျ၍ ငရဲရောက်ရတာပါ။

➢ ဘုရားကျောင်းပေါ်က ဦးတိဿရဟန်းကြီး (သန်း)ဖြစ်ရ တာသည် မစွဲသင့်တာကိုစွဲတဲ့စိတ် နှင့် စုတိစိတ်ကျခါနီး သင်္ကန်း စွဲသော အာသန္နကံ ဖြတ်၍ သန်း တိရစ္ဆာန် ဖြစ် တာသည် နစ်နာလိုက်တာလွန်ရောပဲ။

➢ အာစိဏ္ဏကံ အမြဲ သားရဲတိရစ္ဆာန်သတ် နေသော မုဆိုး ကြီးအား သားရဟန္တာကညွန်ပြ၍ နတ်ပြည်ရောက်ရတာ သည် သမ္မပ္ပဓ္ဓာန် မှာ ဘုရားဟောတော်မူပါသည်။ မဖြစ်ရသေးသော ကုသိုလ် အမြန်လုပ်၍ ဖြစ်ပြီးသား အကုသိုလ်အမှတ်မရနဲ့ ဟု၊ ဟောတာသိ၍ ဘုရားကို ပန်းလှူတဲ့အချိန် စုတိစိတ် နှင့် နီးကပ်၍ ပြုန်းစားကြီး ကုသိုလ် အာသန္နကံ ဖြတ်သောကြောင့် နတ်ပြည်ရောက် ရပါသည်။

သစ္စာတရား မနာနိုင်၍ တရားလည်းအား မထုတ်နိုင် သော ပုထုဇ္ဇဉ် များသည် အပါယ် (၄) ပါးစိတ်မချရပုံ ကို ဘုရား

http://www.dhammadownload.com


ဟောသော *ပါဠိတော်* မြန်မာပြန်နှင့် *မြန်မာလိုအစီပွါယ်ဖွင့်* ကို တင်ပြပါမည်။

## ပါဠိတော်

*ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ၊*

*ဘဝဂ္ဂတံပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။*

## ပါဠိတော်ကိုမြန်မာပြန်

ပုညတေဇေန ကောင်းမှုရှိန်ဖော် အာနုဘော်သည် *ဥက္ခိတ္တာ* ပင့်ကော်မြှောက်တင်အပ်သည်ဖြစ်၍၊ *ကာမရူပဂတိံ*၊ *ကာမသုဂတိဘုံ*၊ ရူပဘုံ သို့၊ *ဂတာ*၊ ပြုခဲ့သော ကံ အလျှောက်၊ လာရောက်၍ နေကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ *ဘဝဂ္ဂတံပိ* အထက်ဆုံး *ဘဝဂ်* ဟုဆိုအပ်သော *ဘုံထွတ်ဘုံဖျား*သို့၊*သမ္ပတ္တာ*၊ ပြုခဲ့သော ကံ အလျှောက် လာရောက်၍ နေကြကုန်သော ပုထုဇဉ်ဖြဟ္မာကြီးတို့သည် လည်းကောင်း၊*ဒုဂ္ဂတိံ* အမြဲနေရာ၊ *အပါယ် (၄)* ခွာ ဟူသော *ဒုဂ္ဂတိဘဝ*၊ *ဘုံဌာန* သို့၊ *ပုနအာယန္တိ*၊ တဖန်တုံ့ခေါက် အချိန်ရောက်က၊ လာရောက်ကြရ ပြန်လေကုန်၏။

## မြန်မာအစီပွါယ်ပြန်

*ကောင်းမှုကုသိုလ်ကံက မြှောက်တင်ပေးသောကြောင့် ကာမ၊ ရူပ၊ အရူပဘုံသို့ ရောက်ကြကုန်သော၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ပုထုဇဉ် ဗြဟ္မာကြီးတို့သည် လည်းကောင်း၊*

http://www.dhammadownload.com



ဒုဂ္ဂတိ အမြဲနေအိမ် အပါယ် (၄) ဘုံသို့၊ ပုနအာယတ္တိ တပန်ပြန် လာရကုန်၏။

## ဇော(၇)ကြိမ်နှင့် အာသန္နကံ

မာလ္လိကာမိဖုရားကြီး၏ အသဒိသဒါန သည် နဲတဲ့ကုသိုလ်အား မဟုတ်ပါဘူးခင်ဗျာ။

ဇော(၇)ကြိမ်နှင့်ရှင်းပြရလျှင်၊ မာလ္လိကာမိဖုရားကြီး ၏ ကုသိုလ်ဒါန သည် (ပထမဇော) ယ္ခု မျက်မှောက်ဘဝ အကျိုးပေး ရမည်။ (သတ္တမဇော)သည် သေပြီး ဒုတိယဘဝ အကျိုးပေးရမည်။ အလယ်ဇော(၅)ချက် (ပဥ္စမဇော) သည် တတိယဘဝမှစ၍ နိဗ္ဗာန် ရောက်သည်အထိ၊ အလျဉ်းသင့်သလို အကျိုးပေးရမည်။ မေးစ ရာရှိပါလိမ့်မည်။

ဤကဲ့သို့ လှူဒါန်းသော ကုသိုလ်ရှင်ကြီး သေခါနီး အာ သန္နကံ ဖြတ်လို့ ငရဲ(၇)ရက်ကျတာနှင့်ဘဲ၊ လှူပြီးခဲ့တဲ့ကံတွေ အဟောသိကံ ဖြစ်ရတော့မှာလားဟု မေးစရာရှိပါသည်။

(၇)ရက်ငရဲကျတာသည် သေခါနီးမှာ ခွေးချီးနှင့် တူသော အာသန္နကံ လင်သားအား မုသားသုံးမိသော အကုသိုလ် ၏ အ ကြောင်းတရား ဖြစ်ပါသည်။

အာစိဏ္ဏကံ ပြုခဲ့သော ကုသိုလ် အကြောင်းတရားသော် လည်းကောင်း၊ အကုသိုလ်ကံ အကြောင်းတရားသော်ငင်း၊ နွားခြံ ကနွားပျိုကဲ့သို့ အားကောင်းမောင်းသန် အကျိုးပေး ထက်မြက်

http://www.dhammadownload.com


ကြပါသည်။ *အာသန္နကံကြောင့် ငရဲကျပြီးနောက်၊ နတ်ပြည်သို့* ဘဝကူးရတာသည် လူ့ပြည်မှာ *မာလ္လိကာမိဖုရား ဘဝမှာ* ပြုခဲ့သော *အာစိဏ္ဏကံကုသိုလ်* အဟုန်ကြောင့်ပါပဲ။

ပြုခဲ့တဲ့ ကုသိုလ် အဟုန်ကောင်းသလောက် သုဂတိဘုံ ဌာန သို့ (လောကီအလိုနှင့်ပြောရလျှင်) ခံစား၊ စံစား၊ ရဦးမှာပါ။ (လောကုတ္တရာ သစ္စာစကားနှင့်ပြောရလျှင်) ဒုက္ခ ခံရဦးမှာပါပဲ။

ကုသိုလ် အဟုန်နည်းရင်လဲ၊ သုဂတိဘုံမှာ ကုသိုလ်မြင့်သလောက် တက်၍ အရှိန်ပြေတော့ ပြန်ကျပါသည်။ ဘယ်ကျမည်ဟုထင်သလဲ။

*ဘုရားက ပါဠိတော်နှင့်ဟောထားပါသည်။*

စတ္တာရော အပါယာ သကဂေဟ သဒိသာ။

*ဒိဋ္ဌိမပြုတ်သေးသူများ၏ နေအိမ်သည် အပါယ် (၄) ဘုံဟု ဘုရားဟောပါသည်။*

မိုးကုတ်ဆရာတော်ဘုရားဟောတဲ့ သစ္စာတရားထဲမှ၊ အာစိဏ္ဏကံ ကို အာသန္နကံ အဖြတ်ခံခဲ့ရတဲ့ဝတ္ထုတွေ အများကြီးမှ (၃)ပုဒ် သာလျှင် တင်ပြလိုက်ပါသည်။ *အာစိဏ္ဏကံ နှင့် အာသန္နကံ* သဘောပေါက်ဖို့သာ လိုပါသည်။ ဝတ္ထုတွေအများကြီးသိဖို့ မလိုပါဘူး။ *မာလ္လိကာမိဖုရားကြီးသည် ဘုရားနှင့်နီးစပ်သော်လည်း သစ္စာတရားမရလို့ (ငရဲ) ကျရတာပါ။*

*ဘုရားနှင့်တွေ့လို့ အပါယ်တံခါးမပိတ်နိုင်ပါ။*

*တရားနှင့်တွေ့မှသာ အပါယ်တံခါးပိတ်နိုင်ပါသည်။*

http://www.dhammadownload.com


ဝိပဿနာတရားသာလျှင် အပါယ်(၄)ပါး ပိတ်နိုင်ပါသည်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဟောသော ပါဠိတော် သောတာနုဂတသုတ် ကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးက၊ တဆင့် ၄-၉-၁၉၅၈ ခုနှစ် ဟောသော၊ သောတာနုဂတသုတ် တရားကို နာကြည့်ပါ။

သောတာနုဂတသုတ် မှာအင်္ဂါ(၄)ချက် သိအောင် ဟောပါသည်။

၁။ *အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားသိအောင် နားနှင့်နာထားပါ။*

၂။ *အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားကို နှုတ်ကလည်း ဆိုပေးရမည်။*

၃။ *အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားကို ဉာဏ်မြင်အောင် နှလုံးသွင်းတတ်ရမည်။*

၄။ *တရားအားထုတ်၍ ပေါ်ဆဲခန္ဓာမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ ပိုင်ပိုင်နိုင်နိုင် ဉာဏ်နှင့်မြင်လျှင် ဒိဋ္ဌိပြုတ်ပါသည်။ ဝိပဿနာတရားသာလျှင် အပါယ် (၄) ဘုံမှ ကယ်ဆယ်နိုင်ပါသည်။*

*ဘုရားကျောင်းတော်၌ သိတင်းသုံးသော ဦးတိဿ ရဟန်းကြီး (သန်းဘဝ) ရောက်ရတာသည် (ဒိဋ္ဌိ)မပြုတ်လို့ပါ။ သစ္စာတရားမနာ၍၊ ဝိပဿနာတရား အားမထုတ်သူ ဘယ်တော့မှ (ဒိဋ္ဌိ) မပြုတ်ပါ။ ဒိဋ္ဌိမပြုတ်သူ အပါယ် (၄) ဘုံမှ၊ ဘယ်တော့မှ မကျွတ်လွတ်နိုင်ပါ။*

အမေက မှဆိုး၊ သားက ရဟန္တာ ဝတ္ထုကို ကွဲကွဲပြားပြား

http://www.dhammadownload.com



တင်ပြလိုပါသည်။

မုဆိုးကြီးသည် (အာစိဏ္ဏကံ)နေ့စဉ်သားရဲတိရိစ္ဆာန် သတ်နေသော၊ ဒုစရိုက်သမားကြီးပါ။ နတ်ဘဝရောက်တာ သားရဟန္တာ က အာသန္နကံ ကူးပေးလို့ပါ။

တစ်ဦးတစ်ယောက် ဝိညာဏ်ချုပ်ခါနီးမှာ သစ္စာတရားဟောတတ်သောသူ ရှိဘို့ အလွန်အရေးကြီးပါသည်။

ပစ္စုပ္ပန်လောကမှာ အမေ (သို့) အဖေ သေခါနီးမှာ အဝေးမှာရှိသော သား၊သမီးများကို ဖုန်းဆက်ခေါ်သည်။

သားသမီးများရောက်သောအခါ၊ မသေသေးသော အမေ (သို့) အဖေအားဖက်၍ ငိုကြသည်။ သားကိုခွင့်လွှတ်ပါ၊ သမီးကို ခွင့်လွှတ်ပါဟု ငိုသေးသည်။

တစ်ချို့သားသမီးများကတော့ မေမေ (သို့)ဖေဖေ၊ ကျွန်တော်၊ ကျွန်မတို့အတွက် မပူပါနဲ့ စိတ်အေးလက်အေး စိတ်ချပါ မေမေရယ်။

တစ်ချို့ကြတော့ ဝိညာဏ်မချုပ်နိုင်၍ ဖွတ်တစ္ဆေ ဝင်နေတယ်ဆိုသောအယူနှင့် လူမမာ၏ခေါင်းအောက်မှာ ဩဇာရွက် ထိုးတာကတစ်မျိုး၊ တစ်ချို့ကြတော့ မာလကာရွက် ထိုးတာက တစ်မျိုးနှင့် ကိုယ့်မှာရှိသော မိစ္ဆာဒိဋ္ဌိ အယူ မျိုးစုံနှင့် သေမည့်သူ အယောနိသော မနသိကာရ ဖြစ်၍ အပါယ်(၄)ဘုံရောက်အောင် ပို့သလိုပါပဲ။ သေခါနီးလူကလည်း ငယ်ရာကကြီး၍လာတာ၊ ငါ့ ကိုတော့ မြန်မြန်သေအောင် လုပ်နေကြတာဟု သိတော့ ဘယ်

http://www.dhammadownload.com


လိုလုပ်၍ နှလုံးသွင်းကောင်းနိုင်ပါ့မလဲ စဉ်းစားပါတော့ခင်ဗျား။

ယ္ခုမုဆိုးကြီးဝတ္ထုမှာ သာ်ရဟန္တာက မုဆိုးကြီး သေခါနီးမှာ ဘုရားအား ပန်းလှူခိုင်းလို့ နတ်ပြည်ရောက်သော်လည်း မုဆိုးသတ်ခဲ့သော အကုသိုလ်ကံ သည် အပြစ်တွေဖြစ်၍ ဘဝဆက်တိုင်း အကုသိုလ်ပြုခဲ့သလောက် ခံရအုန်းမှာပါ။

ဒီဘဝမှာ ကိုယ်ပြုခဲ့တဲ့ အကုသိုလ် ဆိုးပြစ်တွေသည် အဟောသိကံ မဖြစ်ပါခင်ဗျား။

ဥပမာပြသော် အင်္ဂုလိမာလ ရဟန္တာ အရှင်မြတ်ကြီးသည် ဟိုသက ဆိုသောလူ့ငယ်ဘဝက လူ့လက်ညှိုးတွေဖြတ်သော၊ အကုသိုလ်ပိုင်ရှင်ကြီး သည် ဘုရားနှင့်တွေ့ပြီး၊ သစ္စာတရား နာကြားရ၍၊ စန္ဒာဉာဏ်ရောက်ပြီး အင်္ဂုလိမာလ ဟူသော ရဟန္တာ အဖြစ်ရောက်သွားပါသည်။

ဘဝချုပ်ငြိမ်းသောနိဗ္ဗာန်

ကိလေသာချုပ်ငြိမ်းသောနိဗ္ဗာန်

စန္ဒာချုပ်ငြိမ်းသောနိဗ္ဗာန် ရောက်သောကြောင့်၊ ပေးဆပ်စရာလည်းမရှိ၊ ရယူစရာလည်းမရှိသော အမတနိဗ္ဗာန်သို့ ရောက်သွားပါသည်။

တရားအားထုတ်သောသူ သာလျှင် သေခါနီးမှာ သူအားထုတ်တဲ့ တရားသာ အားကိုးပြီး ပြစ်မျက်ရှုမှတ်၍၊ သေသောသူ အပါယ်ကျရောက်စရာ အကြောင်းမရှိပါ။ သေခါနီးမှာ တရား နှလုံးသွင်းထားလျှင် အစလောဘ၊ အဒေါသ၊ အမောဟ နှင့်ပြည့်စုံ

http://www.dhammadownload.com


ပါသည်။ တရားရှုမှတ်ချိန်မှာ စိန်၊ ရွှေ၊ ငွေ၊တိုက် နှင့်ကားများကို အမှတ်မရလို့ *တဏှာ* မပါ၍ *အလောဘ* ဖြစ်ပါသည်။ သားသမီး၊ မြေး၊ မြစ်၊ လင် (သို့မဟုတ်) မယားများကို စိုးရိမ်ပူပင်သောက အမှတ်မရသောကြောင့် *အဒေါသ* ဖြစ်နေပါသည်။

ရှုမှတ်မှုအပေါ်မှာ *ခန္ဓာ၏ အနိစ္စလက္ခဏာနှင့် ဉာဏ်မဂ္ဂ* တွေ့နေ၍ *အမောဟ၊ တရား* နှင့် သေတာသည်။ *အရိယာသေ၊ (တစ်နည်း)တရားရှုမှတ်၍ သေသောသူသည် အပါယ် မလားနိုင်ပါ။*

*ကုသိုလ်ကောင်းမှုအားကြီးသောသူ အကုသိုလ်နှင့် ငွေရှာလို့ အကျိုးမပေးပုံ* စာရေးသူ ကျွန်တော်နှင့်ရင်းနှီးသော မဟာဗေဒယျာဘုံရပ်၊ မန္တလေးမှ ဒေါက်တာမောင်မောင်ကြီးသည် သူ ဆေးခန်းလာသော *သံဃာတော်များ၊ ကိုရင်နှင့်သီလရှင် များအား* ကုသိုလ်ဖြစ် ဆေးကုသပေးသည်။ *အာစိဏ္ဏကံအမြဲ၊ ကုသိုလ်ကြီးပါဘဲ။* ဒါနထဲမှာ အမြတ်ဆုံးဒါနသည်-

၁။ *ဓမ္မဒါန*


၂။ *ဇီဝိတဒါန* အသက်ကယ်တဲ့ *ကုသိုလ်* ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ်(၂၀)ကျော်က တစ်နေ့သောအခါမှာ ဒေါက်တာ မောင်မောင်ကြီးက ငါးမွေးမလို့ဟုပြောပါသည်။ ဆရာ အကုသိုလ်နှင့် အကျိုးမပေးပါဘူးဟု တားပါသည်။နောင် (၃) လ ကြာသောအခါ၊ ဆရာနှင့်တွေ့တော့၊ ဦးခင်စိုးရေ ကန်ထဲက ငါးတွေ အကုန်သေကုန်ပြီဟု ပြောပါသည်။ငါးမွေးခင်က ကြက်မွေးပါသေးသည်။ ကြက်နာကျ၍ အကုန်သေခဲ့ပြီးပြီ။ကြက်မွေး

http://www.dhammadownload.com



စဉ်ကလည်း စနစ်တကျ မွေးပါသည်။ ကြက်ဆေးထိုး၊ အစာခွက် သန့်သန့်ရှင်းရှင်း၊ အစာကောင်းကောင်း ကျွေးပါသည်။ ကြက် သောက်ရေလည်း ရေစစ်နှင့်၊ စနစ်တကျမွေးသော်လည်း ကုသိုလ် အားကောင်းသူသည် အကုသိုလ်နှင့် ရောနှော၍ အကျိုးမပေးပုံ ထင်ရှားပါသည်။

ပစ္စုပ္ပန် ချမ်းသာမှုပြည့်စုံ၍ မိုးကုတ်ရိပ်သာ နှစ်ပါတ်လည် အမြဲလှူနေသော ဦးမြင့်ဆွေ၏ ဘဝ (၃) ပါးအတိတ်ပစ္စုပ္ပန်၊ အနာဂါတ် ကြည့်ကြပါစို့။



http://www.dhammadownload.com



ကျွန်တော်တို့ ဓမ္မမိတ်ဆွေ အုတ်ဖိုမြို့မှ (သီဟာသုဓမ္မမဏ္ဍိဇောတာရေ) မိုးကုတ်ဓမ္မကထိက ဦးမြင့်ဆွေသည် အုတ်ဖိုမြို့ ကျွန်းကုန်းကျေးရွာမှာရှိသော *အမြဲတမ်းတရားစခန်းရိပ်သာကြီး* တွင် တရားအားထုတ်သော ယောဂီများကို တရားလည်းပေး၍ အစားလည်းကျွေးပြီး လှူဒါန်းနေပါသည်။

ဦးမြင့်ဆွေတစ်ဦးတည်း တည်ထောင်သော နွေ၊မိုး၊ဆောင်း၊ အမြဲတမ်း တရားစခန်းပွဲကြီးသည် *အသဒိသ* ဒါနကြီး ဖြစ်ပါသည်။ တွန့်တိုခြင်း လုံးဝမရှိသော အလှူလည်းဖြစ်ပါသည်။ ယခု အချိန်အထိ မြန်မာပြည်တွင်ရှိသော မိုးကုတ်ရိပ်သာများ ထဲတွင် ဦးမြင့်ဆွေကဲ့သို့ စားရိတ်ငြိမ်းအမြဲတရားအားထုတ်နိုင် သောရိပ်သာ မရှိသေးပါခင်ဗျား။

အထက်အကြောင်းအရာများရေးရတာ ကြော်ငြာမဟုတ်ပါ။ ကိုယ်ပြုခဲ့တဲ့ *ကုသိုလ်ကံ* အတိုင်း အကျိုးပေးပုံ တင်ပြတာပါ။ *ဝိဝဋ္ဋ နိဿိတ* ကုသိုလ် နှင့်ကံပြုခဲ့သော *ဇော (၇) ကြိမ် ကို (၃) ပိုင်းခွဲ၍ အကျိုးပေးပုံတင်ပြမှာပါခင်ဗျား။*

အတိတ်ဘဝက ဦးမြင့်ဆွေကို စက်ဝိုင်း (၁) နံပါတ်ကို ကြည့်ကြ ပါစို့ခင်ဗျား။ စာနှင့်လည်းရေးထားပါသည်။

ယခုဘဝဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ချမ်းသာကြွယ်ဝ၍ *ဘယ်လိုကုသိုလ်မျိုး* လှူသလဲ၊ ယခုကိုယ်ခန္ဓာကိုလည်း ဘယ်ဝဋ်က ကျွတ်အောင်လုပ်နေသလဲဆိုတာ *ပဋိစ္စသမုပ္ပါဒ်ဉာဏ်* နှင့် ကြည့်လို့ ရပါသည်။

http://www.dhammadownload.com


လွန်လေပြီးသော အတိတ်ကာလကပြုခဲ့သော ပုညာဘိသင်္ခါရ အားကြီးသောကြောင့် ယခုဦးမြင့်ဆွေဘဝ၊ ယခုဖြစ်ဆဲ *ပစ္စုပ္ပါန်* ကာလမှာ၊ နေ့စဉ် တရားအားထုတ်သော ယောဂီများအား ကျန်းမာရေးမှမကျန် ကျွေးမွေးလှူဒါန်းသော *အာစိဏ္ဏကံ* ကုသိုလ်ကြီးပါခင်ဗျား။ ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ကြည့်ကြပါစို့။ (၁) အကွက် *အတိတ်အကြောင်း ကုသိုလ်ကြောင့်*၊ (၂) အကွက် *ပစ္စုပ္ပန်အကျိုး ပြည့်စုံကြွယ်ဝသည်*။ (၃)အကွက် ပစ္စုပ္ပန်အကြောင်း တစ်လွှာ၊ မဂ်လမ်းခရီး ရိပ်သာဖွင့် လှူဒါန်းသောကြောင့် မဂ် (၄) တန်မရသေးခင်၊ *ရောက်ရာ သုဂတိခန္ဓာ* နှင့် သာသနာပြု အားသည် လွန်ခဲ့တဲ့ဘဝနှင့် ယခုဘဝထက်ပို၍အားကြီးသော ကုသိုလ်ဆိုတာ ပဋ္ဌာန်းကဟောပါသည်။

*ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ၊ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ ဥပနိဿယ ပစ္စယေန ပစ္စယော ။*

ရှေးရှေးဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်နောင် ဖြစ်ကုန်သော ကုသိုလ်တရားတို့အား၊ အားကြီးသော မှီရာအဖြစ်နှင့် ကျေးဇူးပြုကုန်၏။

<u>ပဋိစ္စသမုပ္ပါဒ်နည်း</u>

(၁) အကွက် အတိတ်အကြောင်းတစ်လွှာကပြုသော ကုသိုလ်ဓမ္မကြောင့်၊ (၂)အကွက် ပစ္စုပ္ပန်အကျိုးတစ်လွှာမှာ ချမ်းသာသည်။ (၃) အကွက်ပစ္စုပ္ပန်အကြောင်းတစ်လွှာမှာ ကုသိုလ်ပြုလို့၊ (၄)အကွက် အနာဂတ် အကျိုးတစ်လွှာမှာ သာသနာပြုနိုင်ဦးမည်။

http://www.dhammadownload.com


## ဇာ(၇)ကြိမ်နှင့်ပြပါဦးမည်

*(၁) အကွက်မှာ အတိတ်ဘဝက ပြုခဲ့သော ဒါနသည် (သတ္တမဇာ) ဒုတိယဘဝ (၂) အကွက်မှာ အကျိုးပေးမည်။ ယခု (ပဉ္စမဇာ) အလယ်ဇာ (၅) ချက် က ၊ (၄) အကွက်မှာ အကျိုး ပေးဦးမည်။ ယျွစက်ဝိုင်းမှာ (၄) အကွက် နှစ်ထပ်ကွမ်းအကျိုးပေး* ပုံ နားလည်အောင်ကြည့်ပါ ရှင်းပြပါမည်။ ဦးမြင့်ဆွေ ယျွဘဝ (၃) အကွက်ကုသိုလ်သည် (ဒုတိယဘဝ) (သတ္တမ) ဇာအဖြစ် (၄) အကွက်မှာ အကျိုးပေးမည်။

*နားလည်အောင် ကြိုးစားဖတ်ပါ မခက်ပါဘူး ။*

နားမလည်ခဲ့သော် (ဖုန်း) ၆၆၂၀၉ မေးပါ။ လူကိုယ်တိုင် လာ မေးရင်လဲရှင်းပြပါမည်။

အလှူခံ(တစ်ကျိတ်လေး)ခွေးမှမကျန် လှူကောင်းသည် ဟု စာဆိုရှိပါသည်။

### ဒုဿီလလှူတာထက်သီလဝန္တလှူတာက အကျိုးပေးကွာပါလိမ့်မည်။

| | | | | |
|---|---|---|---|---|
| ၁။ | တိရစ္ဆာန် | ထက် | ဒုဿီလ | ကမြတ် |
| ၂။ | ဒုဿလီ | ထက် | သီလဝန္တ | ကမြတ် |
| ၃။ | သီလဝန္တ | ထက် | ဈာန်ပျံ့ရသေ့ | ကမြတ် |
| ၄။ | ဈာန်ပျံ့ရသေ့ | ထက် | သောတာပန် | ကမြတ် |
| ၅။ | သောတာပတ္တိမဂ် | ထက် | သောတာပန်ဖိုလ် | ကမြတ် |

http://www.dhammadownload.com


၆။ သောတာပတ္တိဖိုလ် ထက် သကဒါဂါမိမဂ် ကမြတ်
၇။ သကဒါဂါမိမဂ် ထက် သကဒါဂါမိဖိုလ် ကမြတ်
၈။ သကဒါဂါမိဖိုလ် ထက် အနာဂါမိမဂ် ကမြတ်
၉။ အနာဂါမိမဂ် ထက် အနာဂါမိဖိုလ် ကမြတ်
၁၀။ အနာဂါမိဖိုလ် ထက် အရဟတ္တမဂ် ကမြတ်
၁၁။ အရဟတ္တမဂ် ထက် အရဟတ္တဖိုလ် ကမြတ်
၁၂။ အရဟတ္တဖိုလ် ထက် ပစ္စေကဗုဒ္ဓါ ကမြတ်
၁၃။ ပစ္စေကဗုဒ္ဓါ ထက် သမ္မာသမ္ဗုဒ္ဓ ကမြတ်
၁၄။ သမ္မာသမ္ဗုဒ္ဓ

*ဒါနကုသိုလ်နှင့် ဝိပဿနာဘာဝနာ ကုသိုလ်တွဲ၍ အကျိုးပေးပုံ* ဦးမြင့်ဆွေပြုခဲ့သော အတိတ်ဘဝက ပုညာဘိသင်္ခါရ သည် ဘယ်လို ကုသိုလ်တွေပြုခဲ့သလဲဆိုတာ၊ စက်ဝိုင်းမှာ (၁) အကွက် ကြည့်ပါ။ *သီလဝန္တပုဂ္ဂိုလ်များအားရင်း၊ စန္ဒာသံသရာမှ ထွက်မြောက်လိုသော လူပုဂ္ဂိုလ်များအားရင်း၊ ရဟန်းပုဂ္ဂိုလ် များအားရင်း၊ လှူဒါန်းထောက်ပံ့ခဲ့သော၊ အတိတ်ဘဝက ကောင်းမှုကုသိုလ် အဟုန်ကြောင့်၊ ဦးမြင့်ဆွေသည် ယခုဘဝမှာ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ လှူတာပေါ့။*

ဦးမြင့်ဆွေယခုဘဝလှူနေသော ပထမဇောသည်၊ ယခုဘဝမှာ အကျိုးပေးသည် ကျွန်တော်ပြောတာမယုံလျှင် (အမြတ်တော်ဝန်ထောက်)မဟုတ်သော ရိုးရိုးယောဂီကမေးပါ။ အမှန်အတိုင်း ဦးမြင့်ဆွေပြောမှာပါ။ သီလရှိသော ပုဂ္ဂိုလ်ပါ။ စီးပွားတက်သည်

http://www.dhammadownload.com


ဟုပြောမှာပါ။ ***ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတာ*** ယောဂီတို့နှင့် ကျွန်တော်သည် ကျကျနန နားလည်ထားရပါမည်။ ကိုယ်ပြုခဲ့တဲ့ ကံတရားအတိုင်း အကျိုးပေးသည်ဟု သိတဲ့ ***ဉာဏ်သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ*** ဟုခေါ်ပါသည်။ ယ္ခုရတဲ့ ***ပဉ္စုပ္ပန်ခန္ဓာ*** မှာ ကောင်းတဲ့ အကျိုးဆက်တွေများသလားဆိုတဲ့ အကျိုးဆက်တွေ များသလားဆိုတာ ကိုယ်အသိဆုံးပါပဲ။ ကျွန်တော်နှင့် စာဖတ်သူ ယောဂီတို့သည်(***ကိလေသဝဋ်***)နှင့်(***ကမ္မဝဋ်***) သတ္တိကြောင့် အတော်လေးသော(***ဝိပါကဝဋ်***)***ဒုက္ခသစ္စာကြီး*** ထဲမှာ ကောင်းကျိုး ဆိုးပြစ်တွေနှင့် ရောယှက်လျက်နေတာပါပဲ ခင်ဗျား။

ဦးမြင့်ဆွေ အသက်ဇကော၊ ဇဂအရွယ်တွင် အိမ်သူဇနီး မယားမှာ နှလုံးရောဂါနှင့်ဆုံးပါသည်။

ဦးမြင့်ဆွေလည်း (၂၀၀၃)ခုနှစ်က နိုင်ငံခြားပါရဂူနှင့် နှလုံးခွဲ၍ ကုရပါသည်။ ယ္ခုလက်ရှိသားသမီးတွေကော စိတ်တိုင်း ကျရဲ့လား။ ***ကျွန်တော်လည်း ဦးမြင့်ဆွေနှင့် ပုံစံတူ အဆင် ကွဲပုံမှာ ကျွန်တော် ၅၈နှစ်အရွယ် အိမ်ထောင်ကွဲသည်။ သား သမီးမရှိ။ တူ-တူမတွေနှင့် အတူနေရသည်။ ခါးမှာအာရုံကြော ညပ်၍ လမ်းမသွားနိုင်ပါ။ တရားယောနိုင်သည်။ သူတို့၏စားဝတ်နေရေးကို ကျွန်တော် အကျိုးပြုဆောင်ရွက် ရပါသည်။*** ကျွန်တော်သည် ဦးမြင့်ဆွေလို မချမ်းသာပါ။ ကျွန်တော်သေသည်အထိ စားဖို့ ရှိသည်။ သဒ္ဓါပြဟ်စရိတ်ရှိသည်။ နေစရာတိုက်ရှိသည်။

(၂)ကွက်မှာ အမိဝမ်းတွင်း၊ ပဋိသန္ဓေဝိညာဏ် မှစ၍ တည်သော (*အတိတ်ဘဝကပြုခဲ့သော ကုသလကမ္မပလ*) ကံ၊ ဉာဏ်၊ ဝီရိယ၊ ခည်းကမ်းစနစ် တို့ရှိရခြင်းသည်။ ပဋိစ္စသမုပ္ပါဒ် (၁)အကွက်မှာ အတိတ်ကံဟောင်း အကြောင်းတရားတွေ ကြောင့်၊ ခန္ဓာရသော (၂) အကွက်မှာကောင်းကျိုး အသိတရားနှင့် ပြည့်စုံသော ဘဝ၊ ရတာပေါ့ခင်ဗျား။

*(အတိတ်ကပြုခဲ့သော ကုသလကမ္မပလ)* ကို အမိပ္ပါယ် ပြန်ရ *သော် ကုသိုလ်ကောင်းမှု အကျိုးဆက်တို့သည် ပဋိသန္ဓေ တည်က တည်းက ကိန်းအောင်းနေပါသည်။*

*ဤဘဝ ကောင်းကျိုးချမ်းသာနှင့်ပြည့်စုံစေရန် ကံအား၊ ဉာဏ်အား ၊လုံ့လ ဝီရိယအား၊ ခည်းကမ်း၊ စနစ်အားတို့သည် အမိ ဝမ်း တွင်း ပဋိသန္ဓေနေကတည်းက ၊ အတိတ်ဘဝက ကောင်းမှုကြောင့် တစ်ပါတည်း ပါလာပြီးသားပါ။ ချမ်းသာရမည့်သူသည် ခည်းကမ်း၊ စနစ်၊ လုံ့လ ဝီရိယအား တို့သည် အတိတ်ဘဝက ပြုခဲ့သော ပုညာ ဘိသင်္ခါရ၏ အကြောင်းတရားတွေပါ။*

*(အရွယ်ရောက်သောအခါမှာ လုံ့လ ဝီရိယမရှိလျှင် ချမ်းသာ နိုင် ပါမလားဟုမေးခဲ့သော်) အထက်ပါစာများ ဖတ်ပြီးတာကို သဘော မပေါက်သူကို ဘယ်လိုမှ အပြေပေးမနေပါနဲ့တော့ (အဟောသိကံ) ပါပဲခင်ဗျား။*

• • • • • • • • • • • • • • • • •

http://www.dhammadownload.com





ကျွန်တော်၏ ရေမွမိတ်ဆွေ ဦးထွန်းပိုင်သည် ကျွန်တော်ရေး သားပြုစုသော ဇော(၇)ကြိမ်နှင့်အာစိဏ္ဏကံ အာသန္နကံ တရား တော်ကို ပါဠိသတ်ပုံများ၊ မြန်မာ သတ်ပုံများ မှန်ကန်စေရန်နှင့် စာပုဒ်များတွင် ရှေ့နောက်ကောင်းအောင် ပြုပြင်ညွှန်ကြားပေး ပါသည်။ ဆိုလိုရင်းအဓိပ္ပါယ်ကို မပြင်ပါ။ ဦးထွန်းပိုင်သည် ရုပ်ဗေဒနှင့် ဓမ္မာစရိယ စာမေးပွဲ အောင်ခဲ့သည်။ အင်္ဂလိပ် မြန်မာ (၁၀)တန်းအောင်ခဲ့သည်။ ဆောက်လုပ်ရေးဝန်ထမ်းဘဝမှာ သက် ပြည့်ပင်စင် ယူခဲ့ပါသည်။ ယခု အိမ်မြေအရောင်းအဝယ် နှင့် အိမ် ပွဲစား၊ မြေပွဲစားဘဝမှာ၊ အိမ်သူသက်ထားဇနီးမယား၊ သား နှင့် သမီးများအား တင့်တင့် တယ်တယ် ထားနိုင်သောဘဝမှာ သား သမီး ဝန်ကျိုထမ်း၊ ဇနီးမယား ဝန်ကျိုထမ်းနေရသော ဝန်ကြီးထမ်း ဘဝ နှင့် မိုးကုတ်ဝိပဿနာတရား ပွားများလိုက်စားနေပါသည်။ မိဘကို အိမ်မှာထား၍ သေသည်အထိပြုစုကျွေးမွေးခဲ့သည်။

မြစ်သားမြို့နယ် နွားရှာရိုးရွာမှာ ဆင်းရဲသားမိဘက မွေး၍ မန္တလေးမြို့မှာ လူတလုံးသူတလုံး နေနိုင်တာသည် အတိတ်ဘဝ က ဒါနအား သီလအားကြောင့်၊ ယခုပစ္စုပ္ပန်ဘဝမှာ အသိဉာဏ်

http://www.dhammadownload.com


ပညာ နှင့် ပြည့်စုံသောအား နှင့် လုံလဝီရိယအားတို့သည် အတိတ်ဘဝကပြုခဲ့သော၊ ကုသလကမ္မဖလအားကြောင့် ယခုဘဝ အကျိုးပေးပုံမှာ ကံအား၊ ဉာဏ်အား၊ လုံလဝီရိယအား၊ အသိဉာဏ်၊ အမြော်အမြင်ရှိသော အားတို့သည် အတိတ်ဘဝက ကောင်းမှုကြောင့် ဖြစ်ပါသည်။ အတိတ်က ပြုခဲ့သော ဒါနအား သီလအားတို့ထက် သာသော၊ ဘာဝနာအားပြုခဲ့လို့ ယခုပစ္စုပ္ပန်ဘဝမှာ မိုးကုတ်တရား ယောဂီ ဖြစ်လာရပါသည်။

အတိတ်ကံ အကြောင်းတရားကြောင့် ဦးထွန်းပိုင် ချမ်းသာတာမဟုတ်ပါဘူး။ ကိုယ်ကြိုးစားလို့ ချမ်းသာတာပါဟု ဆိုလျှင် *အဟေတုကဒိဋ္ဌိ* အယူ ဖြစ်ပါသည်။

## <u>ကမ္မဿကတာသမ္မာဒိဋ္ဌိ</u>

*အဝိဇ္ဇာပစ္စယာပုညာဘိသင်္ခါရ* ကြောင့် ဦးထွန်းပိုင် အမိဝမ်းတွင်းမှာ အတိတ်ဘဝကပြုခဲ့သော *ကုသလ ကမ္မဖလ* သည် အချိန်အခါ ရောက်လျှင် အကျိုးပေးရမည်ဟု သတ္တိပါလာ ပြီးသားပါ။

အမိဝမ်းတွင်းမှာရှိသော သန္ဓေသား ဦးထွန်းပိုင်သည် ပဋိစ္စသမုပ္ပါဒ် (၁) အကွက်မှာပါသော *အဝိဇ္ဇာပစ္စယာပုညာဘိသင်္ခါရ* ကုသိုလ်ကြောင့်၊ (၂) အကွက်မှာ ဦးထွန်းပိုင်သည် ကောင်းကျိုးချမ်းသာစွာနှင့် ပြည့်စုံစွာ နေရပါသည်။

*မင်္ဂလံ ပါပံ လူနာတိ ဆိန္ဒတိ တိ မင်္ဂလာ။*

*မင်္ဂလာသည် မကောင်းမှုကို ဖြတ်တောက်သောကြောင့် မင်္ဂလာမည်၏။*

http://www.dhammadownload.com


ဓမ္မာစရိယ ဦးထွန်းပိုင်သည် မန္တလေးမြို့၏ တောင်ဘက် စဉ့်ကိုင်မြို့နယ်မှာ ရှိသော၊ ဆုတောင်းပြည့် ပေါ်တော်မူ ဘုရားသို့ ဘုရားဖူး၍ *အစိဋ္ဌာန် စိတ်ပုတီးစိတ် သွားရန် ရက်ရွေးသောအခါ* နယုန်၊ ဝါဆို၊ ဝါခေါင်လမှာ နဂါးဦးခေါင်း မြောက်လှည့်၍၊ တောင် အရပ်မှာရှိသော စဉ့်ကိုင်မြို့သို့ မသွားကောင်းပါ ဘေးတွေ့တတ် သည်ဟု ပေဒင်တွက်ရ၍၊ မသွားတော့ပါ။

*ဦးထွန်းပိုင်ရယ် ကောင်းမှုပြုသော ဘုရားဝတ်ပြုခြင်း၊ စိတ်ပုတီးစိတ်ခြင်း၊ မသွားတော့ပါဟု ဆိုတော့ ခင်ဗျား အယူသည် မလွန် လွန်းဘူးလားဗျာ၊ ကျွန်တော်က မေးပါသည်။*

*ဦးထွန်းပိုင်ရယ် ပုဗ္ဗဏှသုတ် ပါဠိတော် ရွတ်ပြပါဦး၊*

၁။ သုနက္ခတ္တံ သုမင်္ဂလံ။

၂။ သုပ္ပ ဘာတံ သုဟုဋ္ဌိတံ။


၃။ သုခဏော သုမုဟုတ္တော စ။

၄။ သုယိဋ္ဌံ ဗြဟ္မ စာရိသု။

ဘာသာပြန်ပါဦး ဦးထွန်းပိုင်ရယ်။ *ကောင်းတာလုပ်လျှင် နက္ခတ် ကောင်းသော မင်္ဂလာပါ။ ကောင်းမှု ပြုကျင့်ရာ နေ့အခါ ကောင်း သောနက္ခတ်မှတ်၊* ကောင်းသော မင်္ဂလာ၊ ကောင်းသော အိပ်ယာ ထခြင်း၊ ကောင်းသော မိုးလင်းခြင်း၊ ကောင်းသော နိုးခြင်း၊ နှင့် ပြည့်စုံသည်ဟု ဘုရားက ပုဗ္ဗဏှသုတ်မှာဟောထားတာ ဦးထွန်းပိုင် ရယ်လျှက်သားနဲ့ဗျာဟု ပြောတော့၊ အဖြေပေးပုံမှာ -

http://www.dhammadownload.com


နတ်နှင့် နဂါး မလှည့်စားနဲ့ ဆိုသော စာဆိုကို ကြောက်တယ်ဗျတဲ့။ ကျွန်တော်ရေးသော ဤစာအုပ်ကို ပါဠိတော်များ မှန်ကန်စေရန် ကူညီပေးသော ဦးထွန်းပိုင်အား ၊ ဤကဲ့သို့ ဒိဋ္ဌိမျိုး ပြုတ်အောင် ကျွန်တော့်မှာ တာဝန်ရှိသည်။




ပဋိစ္စသမုပ္ပါဒ် (၁) အကွက်မှာ အတိတ်ဘဝကပြုခဲ့သော ဦးထွန်းပိုင်၏ ကောင်းမှုကုသိုလ် အကြောင်းတရား တွေသည် ကောင်းလျှင် ကောင်းသလောက် အကျိုးပေးကြပါသည်။

ဗုဒ္ဓဘာသာတွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ သည် ကောင်း တာလုပ်လျှင် ကောင်းကျိုးပေးတဲ့ အယူဝါဒပါ။

http://www.dhammadownload.com




ကျွန်တော်၏ မွေးမိတ်ဆွေ ဦးချစ်သန်းသည် ကျွန်တော်ရေးသား ပြုစုသောဇော (၇)ကြိမ်နှင့် အာစိဏ္ဏကံ အာသန္နကံ တရားတော်ကို မြန်မာစာလုံးများ သတ်ပုံမှန်ကန်စေရန်နှင့် စာကြောင်း၊ စာပုဒ်များတွင် ရှေ့နောက်အထားအသို ကောင်းအောင် ပြုပြင်ပေးပါသည်။ ဦးချစ်သန်းသည် မြန်မာစာဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့ရခဲ့ပါသည်။

ဦးချစ်သန်းသည် မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ် တောခေါင်လှသော မန်လည်ရွာတွင် (၁၉၃၈) ခုနှစ် မွေးသည်။ အဖ ဦးဆံရှည် အမိ ဒေါ်ငွေရှင် တို့၏ သားသမီး (၇) ယောက်တွင်၊ တတိယမြောက် သားဖြစ်သည်။ ထန်းပင်အောက်မွေး၍ ထန်းတောထဲမှာ ကြီးသည်။ ဒုတိယကမ္ဘာစစ်ပြီး၍ ပြည်တွင်းစစ် ငြိမ်းအေးမှ ကျောင်းနေရသည်။ ၁၀ တန်းအောင်၍ မြန်မာစာ အဓိကဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ သားသမီး (၅) ယောက် ဘွဲ့ရအောင် ပညာသင်ပေးခဲ့သည်။ ယျှမြေစာရင်းဦးစီးအရာရှိ ဘဝဖြင့် ၊ သက်ပြည့်ပင်စင်အငြိမ်းစား ယူခဲ့သည်။ လောကုတ္တရာတရား များကို မူလက

http://www.dhammadownload.com


လယ်တီကျောင်းပန်း တရားစာအုပ်များ လေ့လာဖတ်ရှု ခဲ့သည်။ ယခု ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားကို နာကြား၍ မိုးကုတ်သာဝကဖြစ်နေပါပြီ။ ယွှ ဦးချစ်သန်းသည် ဓမ္မကထိကများ မရောက်နိုင်သော၊ နွားထိုးကြီးမြို့နယ်အတွင်းမှ ကျေးရွာများသို့ လှည့်လည်၍ မိုးကုတ်တရားများ ပို့ချနေပါသည်။ တရား တစ်ပွဲတွင် ယောဂီ(၄၀၀) ကျော်ရှိပါသည်။

ဦးချစ်သန်းသည် မိုးကုတ်ယောဂီမဖြစ်ခင် မြေစာရင်းဦးစီး အရာရှိဘဝမှာ သူ့လက်အောက်အရာထမ်း အမှုထမ်းများအား ဩဝါဒပေးဆုံးမစကားပြောသည်မှာ လုံ့လဝီရိယရှိရမည်။ ကြိုးစားရမည်။ ညွှန်ကြားနိုင်သော လုပ်ငန်းကျွမ်းကျင်မှု ရှိရမည်။ သူ့လောက်တော်သူမရှိဟု လက်မတစ်ထောင်ထောင်၊ ပြောကောင်း ပြောပေလိမ့်မည်။ အမှန်စင်စစ်မှာ ဘုရားတရားတော် ပဋိစ္စသမုပ္ပါဒ် နှင့် ပြောရလျှင်။ (၁) အကွက်မှာ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ၏ အကြောင်းတရားကောင်းလို့ ယွှခန္ဓာရသော (၂) အကွက် အကျိုးတရားဘဝမှာ၊ ပညာရေးဘွဲ့ရရှိခြင်း၊ အရာရှိဖြစ်ခြင်း၊ လုံ့လ ဝီရိယရှိခြင်း၊ စည်းကမ်းရှိခြင်း၊သားသွီးများအပေါ် မှာဩဝါဒညောင်းခြင်း၊ မိုးကုတ်တရားတော်များကို ဟောပြောပို့ချနိုင်ခြင်း တို့သည် အတိတ်ဘဝကပြုခဲ့သော ကုသလ ကမ္မဖလအား ကောင်းလျှင်၊ ကောင်းသလောက် အကျိုးပေးကြပါသည်။ ငါကြိုးစားလို့ ကြီးပွားချမ်းသာတာဟု အယူရှိလျှင် *ကမ္မဿကတာ သမ္မာဒိဋ္ဌိ* အယူကို ပယ်ခြင်းဖြစ်ပါသည်။ ကုသိုလ်နှင့် အကုသိုလ်အကြောင်း


http://www.dhammadownload.com



ပယ်လျှင်သော်ငှင်း၊ အဟောတုကဒိဋ္ဌိ အယူဖြစ်၍ သစ္စာနုလောမိကဉာဏ်တောင် မရနိုင်ပါ။ ဦးချစ်သန်းသည် ပဋိစ္စသမုပ္ပါဒ် နားလည်၍ သူတစ်ပါးကိုဟောနေသော ဆရာဖြစ်ပြီး၊ မိုးကုတ်ဆရာတော်၏ တပည့်သာဝကဖြစ်လို့ အယူစင်ကြယ်နေပါသည်။

## ကမ္မဿကတာသမ္မာဒိဋ္ဌိ

အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ ကြောင့် ဦးချစ်သန်း၊အမိဝမ်းတွင်းမှာ အတိတ်ဘဝကပြုခဲ့သော ကုသလ ကမ္မဖလ သည်၊ အချိန်အခါ ရောက်လျှင် အကျိုးပေးရမည်ဟု သတ္တိ ပါလာပြီး သားပါ။



http://www.dhammadownload.com



အမိဝမ်းတွင်းမှာ ရှိသော သန္ဓေသား ဦးချစ်သန်းသည်၊ ပဋိစ္စသမုပ္ပါဒ် (၁) အကွက်မှာပါသော ၊ အဝိဇ္ဇာပစ္စယာပုညာဘိသင်္ခါရ ကုသိုလ်ကြောင့်၊ (၂)အကွက်မှာ ဦးချစ်သန်းသည် ကောင်းကျိုးချမ်းသာစွာနှင့် ပြည့်စုံစွာ နေရပါသည်။

ပဋိစ္စသမုပ္ပါဒ် (၁)အကွက်မှာ အတိတ်ဘဝက ပြုခဲ့သော ဦးချစ်သန်း၏ ကောင်းမှုကုသိုလ် အကြောင်းတရားတွေသည် ကောင်းလျှင် ကောင်းသလောက် အကျိုးပေးကြပါသည်။ ဗုဒ္ဓဘာသာ တွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ သည် ကောင်းတာလုပ် လျှင် ကောင်းကျိုး ပေးတဲ့ အယူဝါဒပါ။

http://www.dhammadownload.com





ရာဇဂြိုလ်ပြည်တွင် ဗိမ္ဗိသာရမင်းကြီးနှင့် ဝေဒေဟီ မိဖုရားကြီးတို့သည် သန္ဓေသား ရလေသောအခါ၊ ဝေဒေဟီ မိဖုရားကြီး သည် ဗိမ္ဗိသာရမင်းကြီး၏ လက်မောင်းသွေးကိုသောက် လိုသော ဆန္ဒရှိသတဲ့။ ပုဏ္ဏားပညာရှိများအားမေးသောအခါ -

http://www.dhammadownload.com



ဤသန္ဓေသား ည် အဖသတ်မည့်သားဟု နိမိတ်ဖတ်သတဲ့။ ဤသို့ ဟောမှုကို ဝေဒေဟီမိဖုရားကြီးသိသောအခါ၊ မိဖုရားမှာ ရရှိသော ကိုယ်ဝန်ကို သနပ်ခါးသွေးသော ကျောက်ပျဉ်နှင့် လှိမ့်ချေသည်ကို ဗိမ္ဗိသာရမင်းကြီးသိ၍ ကျောက်ပျဉ်ကိုဆွဲယူ၍ ဟန့်တားတော် မူရပါသည်။

ဗိမ္ဗိသာရမင်းကြီးနှင့် ဝေဒေဟီမိဖုရားတို့မှ မွေးဖွားသော အဇာတသတ် သည် အရွယ်ရောက်သောအခါမှာ အဖကို သတ်၍ ရွှေနန်းစည်းစိမ်နှင့်နေချိန်တွင်၊ ဒေဝဒတ် မြေမျိုသည်ဟု ကြား၍ ကြောက်လန့်နေပါတော့သည်။ အဇာတသတ်သည် မြတ်စွာဘုရား ထံသို့ တရားနာရန် ဆေးဆရာဇီဝက အကူအညီနှင့် သရက်ဥယျာဉ် ထဲသို့ သွားကြသည်။ ဘုရားကဟောသော သာမညဖလသုတ် တရားကိုနာကြားရ၍ စိတ်သက်သာယာ ရတော့သည်။

အဖသတ်သော ပဉ္စာနန္တရိယကံ သည် ပိတုဃာတက အဖ သတ်သောကံကြောင့် ဒီဘဝမှာ တရားမရနိုင်ပါ အပါယ်ငရဲလည်း ကျရောက်ရမှာပါ။

ပဉ္စာနန္တရိယကံကြီး ထိုက်မှာကြောက်လို့ အဇာတသတ်သည် ဘုရားကိုကြည်ညိုသော်လည်း ဘုရားသော်မှ မကယ်နိုင်ပါ။ ကမ္မနိယာမ ဆိုတာ ကိုယ်ပြုတဲ့ကံတရားအတိုင်း ခံကြရတာ၊ စံကြ ရတာ တို့သည် ဓမ္မတာပါ။ အဇာတသတ်သည် ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကိုသတ်၍ နန်းစည်းစိမ်ယူသည်။

http://www.dhammadownload.com



အဖသတ်သောကံကို ဇာေ (၇) ကြိမ်နှင့် ခွဲပြပါမည်။

အဖသတ်သောကံသည် ဤဘဝမှာ ပထမဇောနှင့် အကျိုးပေး ခံရပုံမှာ၊ သားအဇာတသတ်က အဖဗိမ္ဗိသာရကိုသတ်တဲ့ ကံ အကြောင်းတရားသည်၊ အဇာတသတ်ကမွေးသော သား ဥဒယဘဒ္ဒ က၊ သူ့အဖေ အဇာတသတ်ကိုသတ်၍ နန်းယူခဲ့သည်။

အဇာတသတ် သည် သူ့ဖခင်ဗိမ္ဗိသာရ ကိုသတ်တဲ့ကံကြောင့် ဒုတိယဘဝမှာ သတ္တမဇောသတ္တိဖြင့် အဝီစိငရဲကျသည်။

စာကြီးပေကြီးများမှာ အဇာတသတ်သည် လောဟကုမ္ဘိ ငရဲသို့ ကျလိမ့်မည်တဲ့။ အဘယ်ကြောင့်ဆိုသော် ဘုရားထံမှ သာမညဖလသုတ် တရားကိုနာရ၍ဟု အဖြေထုတ်ပါသည်။

တစ်ချို့သောဓမ္မမာမက အဘိဓမ္မာတရားပေါ် ဉာဏ်ရောက် သောပုဂ္ဂိုလ်များ၏ အဆိုအယူအဆကတော့ -

ပဉ္စာနန္တရိယကံသည် ပေါ့ပေါ့ကံမဟုတ်ပါ။ ကံကြီးထိုက် ရမည့် သူသည် ကံငယ်နှင့်မပြီးနိုင်ပါ။ ကမ္မနိယာမ ဆိုတာသည် ကံကြီးပြုမိလျှင်၊ ပြုမိတဲ့ ကံကြီးသလောက် အကျိုးပေးခံရမှာဖြစ် ပါသည်။

<u>ပဉ္စာနန္တရိယကံဆိုသည်မှာ</u>

| | | |
|---|---|---|
| ၁။ | မာတုဃာတက | အမိ ကိုသတ်သောကံ |
| ၂။ | ပိတုဃာတက | အဖ ကိုသတ်သောကံ |
| ၃။ | အရဟန္တဃာတက | ရဟန္တာ ကိုသတ်သောကံ |
| ၄။ | လောဟိတုပ္ပါဒက | ဘုရားရှင်ကို သွေးစိမ်းတည် အောင်ပြုသောကံ။ |

http://www.dhammadownload.com



၅။ သံဃာဒေဒက သံဃာကိုသင်းကွဲအောင်
ပြုသောကံ။

အထက်ပါကံ ကြူးလွန်သောသူသည် ပဉ္စာနန္တရိယကံ ထိုက်သည့်ဟု ခေါ်ပါသည်။

အကျိုးပေးပုံမှာ မဟာအဝီစိငရဲမှ ပြန်လွတ်သော်လည်း။ နိဗ္ဗာန်မရောက်မီ ဓန္တာရှိတဲ့ဘဝတိုင်းမှာ အလယ်ဓာတ (၅) ချက်နှင့် ရောက်လေရာဘဝတိုင်းမှာ ဆိုးကျိုးနှင့် လုံးထွေးစံစားရအုန်းမှာပါ။

ဗုဒ္ဓတရားသည် ဉာဏ်ရှိသူများအဖို့၊ တွေးခေါ်သင့်သော ဝါဒတရား ဖြစ်ပါသည်။

ထို့ကြောင့် ဝိဘဇ္ဇဝါဒ ဟုခေါ်ပါသည်။

မြတ်စွာဘုရား ကာလာမသုတ်တွင် ဟောသောတရားကိုကာလာမသုတ် (၁၀) ဟုခေါ်ပါသည်။ ကာလာမသုတ်တွင် မြတ်ဘုရား က၊ ငါဟောသောတရားကိုပင် စဉ်းစားဝေဖန် သုံးသပ်ပြီးမှ ယုံပါဟုမှာကြားပါသည်။

မြတ်ဘုရား၏တရားတော်ကို မိုးကုတ်ဆရာတော်ဘုရားကြီး မှတဆင့် ကျွန်တော်တို့သည် သဘောပေါက် ဉာဏ်ရောက်ရတာ ပါခင်ဗျား။ သမ္မာသင်္ကပ္ပ အားကောင်းမှသာ သမ္မာဒိဋ္ဌိဉာဏ် ဖြစ် ပါသည်။ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်အောင် မိုးကုတ်ဆရာတော်ဘုရားကြီး ၏ တရားများများနာရမည်။ မိုးကုတ်တရား များများမနာပဲနဲ့ ဘာနဲ့ သင်္ကပ္ပလုပ်မလဲ။ မိုးကုတ်ဆရာတော် ဘုရားကြီးသည် ဓန္တာ၊ အာယတန၊ ဓါတ်၊ သစ္စာ (၄) ပါး၊ ပဋိစ္စသမုပ္ပါဒ် တရားကလွဲပြီး

http://www.dhammadownload.com


ဘယ်တရားကိုမှ မဟောပါ။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားများများနာထားသော ဓမ္မကထိက ပုဂ္ဂိုလ်သည်၊ သမ္မာသက်ပွအားကောင်းသလောက် တရားနာယောဂီများကို ခန္ဓာဉာဏ်ရောက်အောင် ရှင်းလင်းစွာဟောနိုင်ကြပါသည်။

မိုးကုတ်ယောဂီများအား ဗဟုသုတဖြစ်စေခြင်းငှာ၊ ဘုရားပရိနိဗ္ဗာန်စံသောသတင်းကို အဇာတသတ်ကြား၍ ပူဆွေးသောက ဖြစ်ပုံကို၊ ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော် စီရင်ခဲ့သော ဇိနတ္ထပကာသဏီကျမ်း စာမျက်နှာ (၇၂၆) မှ (၇၂၇) ထိ ကောက်နုတ် တင်ပြပါသည်။

<u>အဇာတသတ်မင်းကြီး၏ သောကပူဆွေးငိုကြွေးပုံ</u>

ထိုအခါရာဇဂြိုလ်ပြည်၌ အဇာတသတ်မင်း၏ အမတ်တို့သည် ဘုရားပရိနိဗ္ဗာန်ယူကြောင်းကိုကြားလျှင် ဤသို့ ဆင်ခြင်တိုင်ပင်ကြကုန်၏။ “ပုထုဇဉ်၏ သဒ္ဓါကြည်ညိုခြင်းတွင် ငါတို့အရှင်မင်း နှင့် တူ၍ ကြည်ညိုသောသူ မရှိပြီ၊ ဤမင်းသည် *ဘုရားပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားရလျှင် တစဏခြင်း နှလုံးကွဲ၍သေရာသည်။* ထို့ကြောင့် ငါတို့သည် မင်း၏ အသက်ကို စောင့်သင့်ပေသည်ဟုကြံ၍၊ *လျှောင်းတန်ရှိသော ရွှေကျင်းသုံးခုကိုယူ၍ စတုမဓူဖြင့် ပြည့်စေပြီးသော်* မင်းကြီးထံသို့ကပ်၍ ဤသို့လျှောက်ကြ၏။ “အရှင်မင်းကြီး ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်သော အိပ်မက်ကိုမြင်ပါသည်။ ထိုအိပ်မက်ကို ဖျောက်ဖျက် စေချင်ပါသည်။ *အရှင်မင်းကြီးသည် ဘွဲ့ပြုပုဆိုး နှစ်*

http://www.dhammadownload.com


ထည့်ကိုပတ်၍ နှာခေါင်းဝမှုကိုဖော်စေလျှက် ဤစတုမဓုဂေူင်းထဲ၌ အိပ်စက်တော်မူပါ" ဟု ဆို၏။ ထိုစကားကိုကြားသောအခါ အဇာတသတ်မင်းကြီးကလည်း "ငါ၏ အကျိုးစီးပွားကို ရွက်ဆောင်လို၍ဆိုသည်ကို ဘယ်မှာနားမထောင် ရှိတော့အံ့နည်း" ဟုဆို၍၊ ထိုအမတ်တို့လျှောက်ထားတိုင်း အိပ်ပေ၏။

ထိုအခါ အမတ်တစ်ယောက်သည် ဘုရားပရိနိဗ္ဗာန်စံတော်မူရာ အရပ်ဆီသို့လက်အုပ်ချီပြီးသော် "အရှင်မင်းကြီး. . . . . . ကိုယ်တော်၏ သံသယကို ပျောက်ပကျေနပ်စေတတ်သော၊ ဘုန်းတော်အာနုဘော်တက်၍ အသက်ကိုရှည်စေတတ်သော၊ ရှိသေလေးမြတ်ဆည်းကပ်ကိုးကွယ်ရာဖြစ်တော်မူသော၊ မြတ်စွာဘုရားသည် ကုသိနာရုံပြည်အပေါ်၌ နိဗ္ဗာန်လားတော် မူချေပြီ" ဟု လျှောက်တင်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင်ပင် သစ်ပင်ထက်မှ ကျလာသောသူကဲ့သို့ သည်းအူလှိုက်မိုလျှက် ကိုယ်အလုံး တုန်ဘိ၍ သတိမရ၊ တ,သသမိန်းမော၍ မြောလေ၏။ ခိမ်အပ်သော စတုမဓုပင် ကျိုက်ကျိုက်ဆူ၍ အငွေ့ထွက်၏။ အမတ်တို့လည်း မင်း၏ ကိုယ်ကို ချီ၍၊ တစ်ခုသောကျင်း၌ သိပ်ပြန်ကြသဖြင့် သတိရလာသောအခါ " အမောင်တို့အဘယ်ကိုဆိုလိုကြသနည်း "ဟု မေးပြန်လျှင် " အရှင်မင်းကြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်လားချေပြီ " ဟု လျှောက်ကြ၏။ မင်းကြီးလည်း ရှေးနည်းတူ မိန်းမော၍ မြောပြန်သဖြင့် တစ်တန်သောကျင်းသို့ ပြောင်းရ၏။ သတိရသောအခါ

http://www.dhammadownload.com


“ အဘယ်အကြောင်းအရာကို ဆိုကြသနည်း ”ဟု မေးပြန်၍၊ ဘုရားနိဗ္ဗာန် စံလွန်ကြောင်းကို လျှောက်ပါသည်ဟုဆိုလျှင် ယခင်နည်း မိန်းမောပြန်လေ၏။

အမတ်တို့လည်း မင်းကိုချီ၍ရေချိုးစေပြီးမှ နံ့သာရေတို့ဖြင့် ဆွတ်ဖျန်းရ၏။ အဇာတသတ်မင်းလည်း သတိရလတ်သော်၊ ဦးခေါင်းမှဆံတို့ကို ဖရိုဖရဲကြဖြန့်၍ နူးညံ့သိမ်မွေ့စွာသော လက်နှစ်ဖက်တို့ဖြင့် ရင်ကိုခတ်တီး၍ သက်ကြီးရှိုက်ငင် ငိုကြွေးလျက် စရီးမသိုသက်၍ သူ့ရွှေ၏ အလားကဲ့သို့ ပြေးသွား၏။ တန်ဆာဆင်အပ်သော ကချေသည်မောင်းမတို့သည် နောက်မှဝန်းရံကာလိုက်ရ၏။

ဤတွင်အဇာတသတ်ဝိုပွဲပြီးဆုံးပါပြီ။

http://www.dhammadownload.com


လောကမှာပုထုဇဉ်မှစ၍ သောတာပန်အထိလူသားတွေမှာ *ကိလေသာအပူမီး လောင်မြိုက်တဲ့အခါ၊ မနောအကြည်ဓါတ်မှာ ပူဆွေးသောကပရိဒေဝ၊ ရောက်တယ်ဆိုတာ နိယာမတရား ပါခင်ဗျား။*

ကိလေသာအပူမီးသည် ဘယ်ခန္ဓာမှာဖြစ်တာလဲဆိုတာ၊ သိဖို့ အရေးကြီးပါတယ်။ ဆရာကောင်းထံတွင် သစ္စာတရား နာထားမှသာ၊ ခန္ဓာမှာ ဉာဏ်ရောက်မှသာ အမှန်နှင့်အမှား ကွဲပြားခြားနား၍ သိပါမည်။

*ကိလေသာအပူမီးသည် နာမ်ခန္ဓာကလွဲ၍ ဘယ်မှာမှပေါ် စရာ နေရာမရှိပါ။*

ပစ္စုပ္ပန်ရှိ၍မြင်ရသော ရုပ်တရားသည် ၎င်းရုပ်မှာ *စိဉာဏ် မချုပ်သေး၍ ကမ္မဇရုပ်ဟုခေါ်ပါသည်။ စိဉာဏ်ချုပ်လျှင် ဥတုဇရုပ် ဖြစ်ပါသည်။ ၎င်းရုပ်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဤရုပ် (၈) ပါးကို (အဝိနိဗ္ဘောဂရုပ်) ဟုခေါ် ဆိုပါ သည်။*

၎င်း *ရုပ်ကိုဘဝင်စိတ်မချုပ်အောင် စောင့်ရှောက်ထားသော တရားကတော့ ကံ၊ စိတ်၊ ဥတု၊ အဟာရတရားတို့ဖြစ်ပါသည်။ ရုပ်ခန္ဓာကြီးမှာ* ပင်ကိုယ်ပုံမှန်ရှိနေသော *ဥဏှာတေဇော* ကိုယ်ငွေ့ဓါတ် (98° FAHRENHEIT) အလားတူ တစ်နည်း ကိုယ်ငွေ့ဓါတ် (37° CENTIGRADE) မြန်မာလို အဖျားတိုင်းသော ပြဒါးတိုင် ဟုခေါ် သည်။ဆရာဝန်မှာပါလာသောပြဒါးချောင်းကို လူနာလျှာအောက်

http://www.dhammadownload.com


မှာ တစ်မိနစ်ထား၍ လျှာအောက်မှထုတ်ကြည့်သော် ပြဒါးချောင်းမှာ(၉၈ံ – ဖါရင်ဟိုက်) ပြလျှင် ပုံမှန်ကိုယ်ငွေ့ ဓါတ်ရှိသည်၊ တစ်နည်း(၃၇ံ – စင်တီဂရိတ်) ကိုယ်ငွေ့မှန်သည်။ လူတစ်ယောက်မှာ *ကိုယ်ငွေ့ဓါတ်အပူသည် (၁၀၈ံ – ဖါရင်ဟိုက်) ရှိလျှင် ဦးနှောက်ကြော ပြတ်သည်။ ကိုယ်ပူချိန် (၄၂ံ – စင်တီဂရိတ်) ရှိလျှင်လည်း ဦးနှောက်ကြော ပြတ်သည်။*

| | |
|---|---|
| 98° FAHRENHEIT<br>၉၈ံ ဖာရင်ဟိုက် | ပုံမှန်ကိုယ်ငွေ့ |
| 37° CENTIGRADE<br>၃၇ံ စင်တီဂရိတ် | ပုံမှန်ကိုယ်ငွေ့ |

ဗဟုသုတအဖြစ်တင်ပြလိုသည်မှာကျိုက်ကျိုက်ဆူသောရေဆူအမှတ်

| | |
|---|---|
| 100° CENTIGRADE<br>၁၀၀ံ စင်တီဂရိတ် | ထိတဲ့နေရာအဖူးပေါက်သည်၊<br>ကျိုက်ကျိုက်ဆူ၍အငွေ့ထွက်ရေ |
| 212° FAHRENHEIT<br>၂၁၂ ဖာရင်ဟိုက် | ထိတဲ့နေရာအဖူးပေါက်သည်၊<br>ကျိုက်ကျိုက်ဆူ၍အငွေ့ထွက်ရေ |

ကျိုက်ကျိုက်ဆူ၍အငွေ့ထွက်သောရေကို မည်သည့် ခန္ဓာကိုယ် အစိပ်အပိုင်းနှင့် ထိစေကာမူ(အဖူး)ပေါက်သည်။

အဇာတသတ် ကိုယ်လျှောင်းတန်ရုံခွေကျင်း(၃)ခုမှာ အပြည့်ထည့်ထားသော(စတုမဓူ)ထဲသို့၊အဇာတသတ်ရှိနေစဉ်မှာ အမတ်တစ်ဦးက ဘုရားပရိနိဗ္ဗာန်စံပြီဟုပြော၍ ကြားသောအခါ၊ ပူဆွေးလွန်းလို့(စတုမဓူ)တွေ ကျိုက်ကျိုက်ဆူ၍ အငွေ့ထွက်သောရေပူ

http://www.dhammadownload.com


သည်။ ရေဆူအမှတ် (၁၀၀ - စင်တီဂရိတ်)
တစ်နည်း (၂၁၂ - ဖာရင်ဟိုက်)

မိုးကုတ်ဆရာတော်ဘုရားကြီး ဥပနိဿယနှင့် တင်ပြရလျှင် ကိလေသာမီးတို့၏အစွမ်းသတ္တိသည် နာမ်ခန္ဓာမှာသာဖြစ်ပါသည်။

ကျွန်တော်တို့ *ခန္ဓာသည်၊ ပဋိစ္စသမုပ္ပါဒ်နည်း* နှင့် တင်ပြရလျှင်၊ *ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊* အကျဉ်းချုံ့လိုက်ရင် (ရုပ်နှင့်နာမ် ) ပါပဲခင်ဗျား။

အဘိဓမ္မာနည်းနှင့် တင်ပြရလျှင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ အကျဉ်းချုံ့လိုက်ရင်(ရုပ်နှင့်နာမ်)ပါပဲခင်ဗျား။ နာမ် တရားသည်။ ရုပ်ကိုအမှီပြု၍ပေါ်ရသော တရားဖြစ်ပါသည်။ရုပ်ခန္ဓာသည် ကံ၊ စိတ်၊ ဥတု၊ အဟာရ၊ အထောက် အပံ့နှင့် တည်နေရပါသည်။နာမ်ခန္ဓာကတော့ အာရုံနှင့်ဒွါရပေါင်းဆုံမှ နာမ်ကိစ္စတွေ ဆောင်ရွက်ရပါသည်။

| ကမ္မဇရုပ် အခံဓါတ်ရုပ် | | နှင့် | ဥတုဇရုပ် အတိုက်ဓါတ်ရုပ် | | နာမ်ခန္ဓာ၅ပါး အပွင့်ဓါတ်နာမ် | |
|---|---|---|---|---|---|---|
| မျက်စိ | အကြည် | နှင့် | အဆင်း | အာရုံရုပ် | မြင် | စိတ် |
| နား | အကြည် | နှင့် | အသံ | အာရုံရုပ် | ကြား | စိတ် |
| နှာ | အကြည် | နှင့် | အနံ့ | အာရုံရုပ် | နံ | စိတ် |
| လျှာ | အကြည် | နှင့် | စားစရာ | အာရုံရုပ် | စား | စိတ် |
| ကိုယ် | အကြည် | နှင့် | တွေ့ထိစရာ | ရုပ် | တွေ့ထိ | စိတ် |

https://www.dhammadownload.com


မနောဟူသောနာမ်ဓမ္မသည် အလုပ်အများဆုံးပါခင်ဗျာ။ ပဉ္စဝိညာဏ်မှ မနောဝိညာဏ်သို့ပို့သော၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ် ဟု ဆိုသော၊ ပဉ္စဝိညာဏ်(၅)မျိုးသည် မနောမှာဆက်၍ အလုပ်များတော့တာ ပါပဲခင်ဗျား။

မနောဝိညာဏ်အလုပ်များပုံကို ပေါ်လွင်အောင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယနှင့်အညီ နည်းမျိုးစုံနှင့် တင်ပြပါမည်ခင်ဗျား။

ကမ္မဇရုပ် နှင့် ဥတုဇရုပ် တို့အကြောင်းပြု၍ ပေါ်ရသော *သောတဝိညာဏ် (အဗျာကတ)* တရား သည် သောတဝိညာဏ် (ကြားစိတ်)ပေါ်ပြီးချုပ်၍ မနောဝိညာဏ် သို့ကျေးဇူးပြု၍၊ မနောဝိညာဏ် အလုပ်များပုံကို ဘုရားဟောသော ပါဠိတော်နှင့် အညီ ပေါ်လွင်အောင် ပုံနှင့်တင်ပြထားပါသည်။

## ပါဠိတော်


*သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ၊*
*တိဏ္ဏံ သင်္ဂတိ ဖဿော၊ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။*

နားအကြည်သည် ကံအကြောင်းကြောင့်ဖြစ်တဲ့ ကမ္မဇရုပ် ဖြစ်ပါသည်။ အသံသည် ဥတုကြောင့်ဖြစ်တဲ့ ရုပ်ဖြစ်သောကြောင့် ဥတုဇရုပ်ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## ခန္ဓာပဋိစ္စသမုပ္ပါဒ်ပုံစံ




သောတဉ္စ၊ နားအကြည်ကိုရင်း၊ သဒ္ဒေစ-အသံကိုရင်း၊ ပဋိစ္စ-အစွဲပြု၍ သောတဝိညာဏံ ကြားစိတ်သည်၊ ဥပ္ပဇ္ဇတိ ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com


နား ကမ္မဇရုပ်၊ အသံဥတုဇရုပ်၊ ကြားစိတ်(၃)ခုပေါင်းဆုံခြင်းကြောင့် မနောမှာ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ၊ ဝေဒနာ ပေါ်ပါသည်။ ဝေဒနာအကြောင်းပြု၍လည်း မနောမှာ တဏှာပေါ်ပါသည်။ တဏှာအကြောင်းပြု၍ စွဲလန်းမှု ဥပါဒါန် ပေါ်ပါသည်။ ဥပါဒါန်အကြောင်းပြု၍ ကမ္မဘဝဟုဆိုသော ကာယကံ၊ ဝစီကံ၊ မနောကံ ပေါ်ပါသည်။

အဲဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက မနော သည် အလုပ်အများဆုံးကွ၊ ပဋ္ဌဒွါရ က ကိစ္စလဲလုပ်ရသည်။ မနောဒွါရ ကိစ္စလည်းလုပ်ရသည်ဟု ဟောပါသည်။

မနောဒွါရ ကိစ္စမှာ

*မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ၊ မနောဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ၊ ဖဿော ဖဿ ပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ။*

အောက်ဖော်ပြပါစာသည် မိုးကုတ်ဆရာတော် ၁၈. ၂. ၁၉၆၅ ဟော၊ အမှတ်စဉ်(၄)၊ စာမျက်နှာ(၂၆၄) -

မနဉ္စ - ခင်ဗျားတို့ သန္တာန်၌ *ဘဝင်* အကြည်မှန်ကို လည်းကောင်း၊ *ဓမ္မေစ* - ခင်ဗျားတို့ *တွေးတောစိတ်* ဓမ္မာရုံကိုလည်း ကောင်း၊ ပဋိစ္စ - စွဲ၍၊ *မနောဝိညာဏံ* - မနောဝိညာဏ်စိတ်သည် (ဝါ) *ခင်စိတ်၊ မင်စိတ်၊ ကြင်နာစိတ်၊ နှိုးရိမ်စိတ်၊ ကြောင့်ကြစိတ်* တို့သည် *ဥပ္ပဇ္ဇတိ* - *တပြုံကြီးပေါ်ကြ၏။*

ဆရာတော်ဘုရားဟောတဲ့တရား ဤမျှလောက်ထည့်ထားပါသည်။

http://www.dhammadownload.com



မနူ၊ မနောအကြည်ကိုလည်း ပဋိစ္စ စွဲ၍ ဓမ္မစ တွေး ယူရသော သားသွီးစိတ်၊ စီးပွားရေး စိတ်တို့သည် *ဥပ္ပဋ္ဌတိ* မနော ဝိညာဏ် မှာပေါ်၍ *မနောအကြည်* နှင့် တွေးယူရသော *အာရုံ* နှင့် တွေးစိတ်(၃)ခုတို့ကြောင့်၊ *သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာ* တို့ပေါ်ကြကုန်၏။ *သောမနဿ ဝေဒနာ မနောမှာ ပေါ်ခြင်းကြောင့်၊ တဏှာ ဖြစ်ပါသည်။ တဏှာ* သည် မနော မှာပေါ် ရခြင်းကြောင့် *မနောမှာ ဥပါဒါန်* ဖြစ်ပါသည်။ *ဥပါဒါန်* သည် မနော မှာပေါ် ရခြင်းကြောင့် *မနောမှာ ကံ* အစပြု၍ နှုတ်ကပြုလုပ်သော *ဝစီကံ*၊ ကိုယ်ကပြုလုပ်သော *ကာယကံ* တို့သည် အစဉ်လိုက်ပေါ်လာကြကုန်၏။

●●●●●●●●●●●●●●●●●

http://www.dhammadownload.com



## ဒေသနာပဋိစ္စသမုပ္ပါဒ်




အဇာတသတ် အဖသတ်တဲ့ကံ ပြုလုပ်တာသည် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းနှင့် ပြရသော် (၂) အကွက်နှင့် (၃) အကွက် မှာ ဖြစ်ပါသည်။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီ ဟုကြားရသောကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ သမ္ဘဝန္တိ ဧဝမေတဿ၊ ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ၊ သမုဒယော ဟောတိ။ မနောမှာ ဖြစ်ပါသည်။

http://www.dhammadownload.com



ဘုရားပရိနိဗ္ဗာန်စံ၍ သောကဖြစ်ရတာသည် စက်ဝိုင်းမှာ (၂) နှင့်(၃)အကွက်မှာဖြစ်ပါသည်။ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာသည် မနောနာမ်မှာဖြစ်သော ကိလေသာ ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်နှင့်ဝေဖန်ကြည့်လျှင် သစ္စာဆိုက် အောင်မြင်လျှင် ဓမ္မနှင့်ပျော်ရလို့ အလွန်ပီတိဖြစ်ရပါသည်။

*ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ (၁) အကွက်သည်၊ အတိတ်သဝက အကြောင်းသည် အကောင်းနှင့်အဆိုး မသိသော အဝိဇ္ဇာကြောင့် ပြုလုပ်သော ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ နှစ်မျိုး ပြုလုပ်လို့ (၂) အကွက်မှာ ဘုရင်၏သား ဖြစ်သော်လည်း၊ အပသတ်သော လူဆိုး ဖြစ်ရသည်။*

*(၃) အကွက်သည် ဣဋ္ဌာရုံ ၊ ပျော်ရွှင်စရာတွေ့တော့ တဏှာ၊ ဉပါဒါန်၊ကမ္မဘဝနှင့် သာယာသည်။* (၃)အကွက်သည် အနိဋ္ဌာရုံ *နှင့် တွေ့တော့၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ သမ္ဘဝန္တိ* ဖြစ်ကြသည်။

ပဋိစ္စသမုပ္ပါဒ်(၂)အကွက် ခန္ဓာဒုက္ခသစ္စာသည် (*လောဘ အနုသယ ကိလေသာ*) နှင့် (*ဒေါသအနုသယ ကိလေသာ*) တို့သည် အတိတ်ကံအကြောင်းဖြစ်ခဲ့သလို ယူရတဲ့ ခန္ဓာ မှာပါပြီသား ပါခင် ဗျား။ အကြောင်းသင့်၍ *ဒေါသအာရုံနှင့်တွေ့လျှင် သောက ပရိဒေဝ ဖြစ်ပါသည်။ လောဘအာရုံနှင့်တွေ့လျှင် တဏှာ၊ ဉပါဒါန် ကမ္မဘဝအထိ ဖြစ်ကြပါသည်။*

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသ တို့သည်

http://www.dhammadownload.com



မနော မှာဖြစ်သော နာမ်တရား ဖြစ်သည်။ ရုပ်ကိုမှီ၍ မနောမှာ ပေါ်ရသော ဒေါသကိလေသာ ဖြစ်ပါသည်။

*သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်နေချိန်မှာ ကိုယ်ပူချိန် ပြဒါးတိုင်းကြည့်ပါ* (၉၈ ဖါရင်ဟိုက်) (**98° FAHRENHEIT**) *သာရှိပါသည်။*

## အဖသတ်သား(၅)ဆက်

၁။ ဗိမ္ဗိသာရ ကို သား အဇာတသတ် က သတ်သည်။

၂။ အဇာတသတ် ကို သား ဥဒယဘဒ္ဒ က သတ်သည်။

၃။ ဥဒယဘဒ္ဒ ကို သား မဟာမုဏ္ဍက က သတ်သည်။

၄။ မဟာမုဏ္ဍက ကို သား အနုရုဒ္ဓါ က သတ်သည်။

၅။ အနုရုဒ္ဓါ ကို သား နာဂဒါသ က သတ်သည်။

၆။ နာဂဒါသ ကို ပြည်သူ က သတ်သည်။

• • • • • • • • • • • • • • • • •

http://www.dhammadownload.com



ကျွန်တော်တို့သည် ဒုက္ခ မျိုးစုံကြောက်၍၊ တရားနာ၍ တရား အားထုတ်ကြရပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး ဆုံးမသည်မှာ *ဝေဒနာပစ္စယာ၊ တဏှာ* သည် *ကာမသုဂတိလမ်း* ဖြစ်၍၊ ဒိဋ္ဌိ မသတ်နိုင်လျှင် သောတာပန်တောင် မတည်နိုင်ပါ။ အထက်မဂ်ကတော့ *တဏှာသတ်နိုင် မှ အရဟတ္တမဂ်၊ အရဟတ္တ* ဖိုလ် တည်နိုင်သည် ဟု ဆရာတော်ဘုရားကြီး ဟောတော်မူပါ သည်။

မဇ္ဈိမပဋိပဒါ အလယ်လမ်းဖြစ်သော (*ဝေဒနာ နိရောဓာ တဏှာ နိရောဓော* ) *ဝေဒနာ အပျက်၊ နောက်ကမင် ဆိုတာ၊ ရှုဉာဏ်ဝင်၍ မှတ်သောကြောင့် တဏှာမလာချုပ် ဆိုတာ ကိုယ်တိုင်တရားထိုင် နှလုံးသွင်းမှသာ ခန္ဓာက ဟောတာအမှန်* *သိရပါသည်။*

## တရားအားထုတ်သောသူ ကိုယ်တိုင်ရတဲ့ တရားဂုဏ်တော် (၆)ပါး

၁။ သွာက္ခာတော
၂။ သန္ဒိဋ္ဌိကော
၃။ အကာလိကော
၄။ ဧဟိ ပဿိကော
၅။ ဩပ နေယျိကော
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ

http://www.dhammadownload.com



၁။ စန္ဒာက ကောင်းစွာဟောသော

၂။ ကောင်းစွာ မြင်ရသော

၃။ အခါမလင့် အကျိုးပေးတတ်သော

၄။ လာ၍ရှုလှည့်ဟု ခေါ်ထိုက်သော

၅။ နိဗ္ဗာန်သို့ ဆောင်သော

၆။ ဝိပဿနာ ပညာရှိတို့.စံစားအပ်သော

တရားဂုဏ်တော်သည် တရားအားထုတ်သူအတွက် ဖြစ်ပါသည်။

ဝေဒနာပစ္စယာ၊ တဏှာသည် သံသရာလည်လမ်း။

ဝေဒနာနိရောဓါ တဏှာနိရောဓေါ သည်၊ စန္ဒာသံသရာပြတ်လမ်း ။

ပဋိစ္စသမုပ္ပါဒ် တရားသည် ဧဂါတမဘုရား မပွင့်ထွန်းမီက ရှိနှင့်သော တရားဖြစ်ပါသည်။

သာသနာပ အချိန်မှာ ပဋိစ္စသမုပ္ပါဒ် တရားသည် တိမ်မြုပ်နေပါသည်။ မြတ်စွာဘုရား ပွင့်ထွန်း မှသာ သိရပါသည်။

ကျွန်တော်တို့ကတော့ မိုးကုတ်ဆရာတော်ဟောလို့ သိရပါသည်။

မြတ်စွာဘုရားလောင်းသည် ကဆုန်လပြည့်နေ့တွင်၊ ဗောဓိညောင်ပင်ကြီး၏ခြေရင်းမှာ ပဋိစ္စသမုပ္ပါဒ် တရားကို ၊ ဆင်ခြင်၍ဝေဒနာနိရောဓါ၊ တဏှာနိရောဓေါ နှလုံးသွင်းသောကြောင့် ဘုရားဖြစ်တော်မူပါသည်။

http://www.dhammadownload.com



*မြတ်စွာဘုရားလောင်းသည် ညဦးယံမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော် ရတော်မူသည်။ ညဉ့်လယ်မှာ ဒိဗ္ဗစက္ခု ဉာဏ်တော် ရတော်မူသည်။ မိုးသောက်ယံမှာ (အာသဝက္ခယဉာဏ်တော်) ရတော်မူ၍ ဘုရားဖြစ်ပါသည်။*

ဘုရားဖြစ်တော်မူသည်မှာ **အာသဝက္ခယ ဉာဏ်တော်** ရတော်မူလို့ပါခင်ဗျား။

*ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်နှင့်ဒိဗ္ဗစက္ခုဉာဏ်ကတော့ ပါရမီအစုံစုံကြောင့် ရသည်ဟု မှတ်သားခဲ့ဘူးပါသည်ခင်ဗျား။*

ဘုရားဖြစ်တော်မူပြီးလျှင် (အနေကဇာတိသံသာရံစသော ဂါထာတော်)ကို ကျူးရင့်တော်မူပါသည်။

<u>ပထမဗုဒ္ဓဝစန</u>

*အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ ဂဟကာရံ ဂဝေသန္တော ဒုက္ခာဇာတိ ပုနပ္ပုနံ ဂဟကာရက ဒိဋ္ဌောသိ ပုနဂေဟံ နကာဟသိ၊ သဗ္ဗာတေ ဖါသုကာ ဘဂ္ဂါ ဂဟကူဋံ ဝိသင်္ခိတံ၊ ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။*

ဟော့ တဏှာယောက်ျားလက်သမား မင်း ခန္ဓာအိမ် မဆောက်ရတော့ဖူး၊ ဟု နာရဖူးပါသည်ခင်ဗျား။

**ပဋိစ္စ** - ဆိုတာ အကြောင်းတရား။

**သမုပ္ပါဒ်** - ဆိုတာအကျိုးတရား။


မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် *ပဋိစ္စသမုပ္ပါဒ် ကို အနုလုံ*

http://www.dhammadownload.com



မှုပါသည်။ မိုးကုတ် ဆရာတော်ဘုရားကြီးကလည်း အနုလောမ၊ ပဋိလောမ၊ ယော၍ ကျွန်တော်တို့နှင့် ယောဂီများ သိနားလည်ရပါသည်။

ပဋိစ္စသမုပ္ပါဒ် အနုလောမကို ယောပြတော့၊ သမုဒယသစ္စာအပေါ်မှာ ရှင်းအောင်သိရပါသည်။ ပဋိလောမ ပြတော့ ဒုက္ခသစ္စာအပေါ်မှာ ရှင်းအောင်သိရပါသည်။



http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိ

*အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။*

ပဋိစ္စသမုပ္ပါဒ်(၂)အကွက်မှာ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တို့သည် သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဖြစ်အောင်မလုပ်နိုင်ပါခင်ဗျား။ တဏှာ၊ ဥပါဒါန်၊ မနော မှာ နှလုံးသွင်းမှား၍ပြုခဲ့သော ကာယကံမှား၊ ဝစီကံမှား တို့ကြောင့် သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ ဖြစ်ပါသည်။

မသေခင် ယ္ခုဖြစ်ဆဲပစ္စုပ္ပန်ကာလ (၂)နှင့် (၃) အကွက်မှာ ကိလေသာအပူမီး မနောမှာ အမြှိုက်ခံရလို့လဲ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ ဖြစ်ရပါသည်။ အတိတ်ဘဝက အကုသိုလ်ကံဟောင်း အကျိုးပေးလို့လဲ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ ဖြစ်ရပါသည်။

ကျွန်တော်နှင့် စာဖတ်သူလည်း ပူဆွေးမှုဒုက္ခ ဖြစ်ခဲ့ရလှပါပြီ။ အနာဂါမ်ရဟန္တာတို့သည် ပူဆွေးမှုမခံရတော့ပါ။ ကမ္ဘ ဘဝကြောင့်

[illegible]

http://www.dhammadownload.com

ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဓမ္မဖြစ်စဉ်ကတော့၊ ဇရာမရဏပြီးရင် ဒီခန္ဓာဒီဘဝချုပ်ရမှာ ပါခင်ဗျား။


အာသဝ ကိုနှလုံးသွင်းမှားရှိသေခဲ့သော် အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော ဟု နောက်ရမည့်ခန္ဓာမှာ အဝိဇ္ဇာ အနုသယ ကပ်၍ပါလာသောကြောင့် ရောက်ရာဘဝမှာ အဝိဇ္ဇာ၏ အစပေါ် ဖြစ်သော တဏှာ ဥပါဒါန် ကိလေသဝဋ်ကြောင့် သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ၊ ဖြစ်ကြကုန်၏။

ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော-ဟောတိ ။

အထက်ပါအဓိပ္ပါယ်မှာ ကျွန်ုပ်တို့သည် ဤဘဝမှာ ဒုက္ခစုတို့သည် သမုဒယကြောင့် ဖြစ်ရပါသည် ခင်ဗျား။

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဥပနိဿယနှင့် ကျွန်တော်ဉာဏ်မှီသလောက် ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိ (၁)အကွက်




## အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ပုံ

အဝိဇ္ဇာနှင့်အတူယှဉ်ဖေါ်ယှဉ်ဘက်သည် ကိလေသာ(၁၀)ပါး

| | | |
|---|---|---|
| ၁။ | လောဘ | တပ်မက်ခြင်း |
| ၂။ | ဒေါသ | အမျက်ထွက်ခြင်း |
| ၃။ | မောဟ | တွေဝေမိုက်မဲခြင်း |
| ၄။ | မာန | ထောင်လွှားခြင်း |
| ၅။ | ဒိဋ္ဌိ | အယူမှားခြင်း |
| ၆။ | ဝိစိကိစ္ဆာ | သစ္စာတရားကို ယုံမှားခြင်း |
| ၇။ | ထိန | စိတ်၏မစွမ်းခြင်း |

http://www.dhammadownload.com



၈။ ဥဒ္ဓစ္စ — စိတ်ပျံ့လွင့်ခြင်း

၉။ အဟိရိက — မကောင်းမှု မရှက်ခြင်း

၁၀။ အနောတ္တပ္ပ — မကောင်းမှု မထိတ်လန့်ခြင်း

အမှန်မသိသော အဝိဇ္ဇာ၏အပေါ် ကိလေသာ (၁၀) ပါး သည် ပုထုဇဉ်များတွင် အမြဲကိန်းသော အဆိုးအညစ်တရားပါခင်ဗျား။ ကိလေသာ (၁၀) ပါး က ခိုင်းသလောက်လုပ်ရသော (သင်္ခါရ)နှင့် သင်္ခါရ၏အပေါင်းအဖော်သည် ကမ္မဘဝ ပါခင်ဗျား။ နှစ်ခု ပေါင်းတော့ သင်္ခါရနှင့်ကမ္မဘဝ ဖြစ်ပါသည်။ အဝိဇ္ဇာ ကြောင့် သင်္ခါရ ဖြစ်ရပါသည်။ သင်္ခါရကြောင့် ပဋိသန္ဓေ ဝိညာဉ် ဖြစ်ရပါသည်။ တစ်နည်း ကျွန်တော်တို့သည် အတိတ်ဘဝက ကိလေသဝဋ် နှင့် ကမ္မဝဋ် ကြောင့်၊ ယခုဘဝမှာ ပဋိသန္ဓေဝိညာဉ် ရခဲ့ရပါသည်။


## သင်္ခါရကြောင့်ဝိညာဉ်ဖြစ်ပုံ
## (၂)အကွက်



http://www.dhammadownload.com

ပဋိသန္ဓေဝိညာဏ် မရှိဘဲနှင့် နာမ်ရုပ် မရနိုင်ပါ။ ပထမ ပဋိသန္ဓေဝိညာဏ် တည်ပါသည်။ ဒုတိယ နာမ်ရုပ် လိုက်ဖြစ်ပါသည်။ ပဋိသန္ဓေဝိညာဏ် သည် ပုရေဇာတပစ္စည်း၊ နာမ်ရုပ် သည် ပစ္ဆာဇာတပစ္စည်း။ နာမ်ရုပ် ရှိလို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော ဖြစ်လာရတာပါ။ အကြည်(၆)ခုသည် သီးခြားနေလို့မရပါ။ နာမ်ရုပ်မှာကပ်၍ဖြစ်လာရတဲ့ ပစ္စည်းတွေပါ။ အကြည် (၆)ခုရှိလို့သာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ ဆိုတဲ့၊ အာရုံ (၆) ပါး ကတိုက်တာကို (ဖဿ) ဟုခေါ်ပါသည်။ ဖဿကြောင့် ဝေဒနာ ပေါ်ရပါသည်။ ဝေဒနာ အလိုလိုပေါ်လို့ မရပါ။ အခံဓါတ် (၆) ပါး၊ အတိုက်ဓါတ် (၆) ပါး နှစ်ခုပေါင်းဆုံလို့ ဝေဒနာ ပေါ်ရပါသည်။ ဝေဒနာကြောင့် တဏှာ ပေါ်ပုံ သိရပါလိမ့်မယ်။

## ဝေဒနာကြောင့်တဏှာပေါ်ပုံ
## (၃)အကွက်



http://www.dhammadownload.com


ယျှုပြမှာက(၃)အကွက် သမုဒယသစ္စာ နှင့်(၁)အကွက် သမုဒယသစ္စာ တို့သည် အတူတူပါဘဲ။ (၁)အကွက်က အတိတ်ဘဝ၊ (၃) အကွက်က ယျှု ပစ္စုပ္ပန်ဘဝ၊ ကာလ ကွာခြားတာပါပဲ။ အကြောင်းတရားခြင်းမကွာခြားပါဘူး။

*တဏှာ* အလိုလိုမဖြစ်ပါ။ *ဝေဒနာကြောင့် တဏှာ* ဖြစ်ပါသည်။ *သုခဝေဒနာ* ကြောင့် *တဏှာ* ဖြစ်ပါသည်။ *ဒုက္ခဝေဒနာ* ကြောင့်ကတော့ ချမ်းသာမှု *တဏှာ* မျှော်ပါသည်။တဏှာကြောင့် *ဥပါဒါန်* ဖြစ်ပါသည်။ *ဥပါဒါန်* ဆိုတာ စွဲလန်းတာပါ။ စွဲလန်းမှု *ဥပါဒါန်* အလိုလိုမဖြစ်ပါ။ *တဏှာ* ရင့်လို့ စွဲလန်းလာတာကို *ဥပါဒါန်* ဟုခေါ်ပါသည်။ စွဲလန်းလို့ရအောင် ကြိုးစားတာက *ကာယကံ၊ ဝစီကံ၊ မနောကံ* နှင့် အားထုတ်မှုကို *ကမ္မ ဘဝ* ဟုခေါ်ပါသည်။

ယျှု(၃)အကွက်သည် *ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိ* နှင့် ယှဉ်ပြ၍သာ အကြောင်းအကျိုးဆိုတာကို သိကုံးပြရတာပါ။ *တဏှာ* ကြောင့် *ဥပါဒါန်* ဖြစ်ရပါသည်။ *ဥပါဒါန်* ကြောင့် *ကမ္မဘဝ* အဖြစ်ကို ပြတာသည် *အနုလုံနည်း* ဖြစ်ပါသည်။

(၃)အကွက်ကိုဝေဖန်ကြပါစို့.

ပုထုဇဉ်များဖြစ်လေ့ဖြစ်ထရှိသော ကိလေသာ များမှာ

<u>တဏှာ(၃)တန်</u>

၁။ *ကာမတဏှာ* *ကာမဂုဏ်၌ လိုခြင်းတပ်မက်ခြင်း*။

၂။ *ဘဝတဏှာ* *ဘဝကို လိုခြင်းတပ်မက်ခြင်း*။

http://www.dhammadownload.com


၃။ ဝိဘဝတဏှာ ဘဝမရှိသည်ကို လိုချင်တပ်မက်ခြင်း။

မှတ်ချက် - ဝိဘဝတဏှာ နှင့် ဥပါဒါန် (၄) ချက် ရှင်းပြပုံကို သိလိုသော် ကျွန်တော်ရေးသော (ဉာတပရိညာ ဒုတိယတွဲ) မှ စာမျက်နှာ (၂၄) စာကြောင်းရေ (၁၀) မှစာမျက်နှာ (၃၆) ထိ ကြည့်ပါခင်ဗျား။

## ဥပါဒါန်(၄)ချက်

၁။ ကာမုပါဒါန် ကာမဂုဏ်၌ စွဲလန်းခြင်း။

၂။ ဒိဋ္ဌုပါဒါန် ဖေါက်ပြန်သော အယူ၌ စွဲလန်းခြင်း။

၃။ သီလဗ္ဗတုပါဒန် သီလ အလေ့အကျင့်၌ စွဲလန်းခြင်း။

၄။ အတ္တဝါဒုပါဒါန် ငါ၏ကိုယ်ဟု ထင်မှတ်စွဲလမ်းခြင်း။

### သီလဗ္ဗတုပါဒါန် အစိပ္ပါယ်ရှင်းပြပါမည်။

ယူတွေ့ရသော သီလဗ္ဗတ သည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ကိုယ်ကျင့်သီလများမဟုတ်ပါ။ အလေ့အကျင့်များကို ဆိုလိုပါသည်။

ဥပမာ - ရန်ကုန်သားသည် ရွှေတိဂုံစေတီ သို့ဂရင်း၊ မန္တလေးသားသည် မဟာမြတ်မုနိ သို့ဂရင်း၊ ဘုရားဖူးစိတ်ပုတီးစိတ် ရန် သွားသောအခါ၊ လမ်းမှာခလုတ်တိုက်သောကြောင့် နိမိတ်မကောင်း၍ မသွားတော့ဘူးဟု မှားယွင်းသော အယူသီးမှု ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုအတွက်ဆိုလျှင် ဝါရမိတ္တရက်သော်ရင်း၊ ပြဿဒါးရက်သော်ရင်း အားလုံးရက်ကောင်း၊ ရက်မြတ်များ ဖြစ်ပါသည်။

F
6
B

http://www.dhammadownload.com


အကုသိုလ်အတွက်မှာ ရက်ရာဇာလည်းမကောင်းပါ။ ကဆုန်လပြည့်လည်း မကောင်းပါ။ ဝါဆိုလပြည့်လည်း မကောင်းပါ။ သီတင်းကျွတ်လပြည့်လည်း မကောင်းပါ။ တန်ဆောင်မုန်းလပြည့်လည်း မကောင်းဖူးဟုမှတ်ပါ။

*တဏှာဥပါဒါန်၏ အကြီးအကဲသည် အဝိဇ္ဇာဖြစ်ပါသည်။*

အဝိဇ္ဇာနှင့်ယှဉ်ဖော်ယှဉ်ဘက်သည် ကိလေသာ(၁၀)ပါး ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | လောဘ | တပ်မက်ခြင်း။ |
| ၂။ | ဒေါသ | အမျက်ထွက်ခြင်း။ |
| ၃။ | မောဟ | တွေဝေမိုက်မဲခြင်း။ |
| ၄။ | မာန | ထောင်လွှားခြင်း။ |
| ၅။ | ဒိဋ္ဌိ | အယူမှားခြင်း။ |
| ၆။ | ဝိစိကိစ္ဆာ | သစ္စာတရားကိုယုံမှားခြင်း။ |
| ၇။ | ထိန | စိတ်၏မခံ့ခြင်း။ |
| ၈။ | ဥဒ္ဓစ္စ | စိတ်ပျံ့လွင့်ခြင်း။ |
| ၉။ | အဟိရိက | မကောင်းမှုကို မရှက်ခြင်း။ |
| ၁၀။ | အနောတ္တပ္ပ | မကောင်းမှုကို မထိတ်လန့်ခြင်း။ |

*များပြားလှသောကိလေသာပေါ် တိုင်း လှုပ်ပေးနေတာက သင်္ခါရ နှင့် ကမ္မဘဝပါ ခင်ဗျား။*

*အလိုမပြည့်တော့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသော သမ္ဘဝန္တိ ပါခင်ဗျား။*


http://www.dhammadownload.com



(၃)အကွက် နှလုံးသွင်းမမှန်လျှင် အပါယ်(၄)ဘုံ သွားရမှာပါ ခင်ဗျား။

(၃)အကွက် နှလုံးသွင်းမှန်လျှင် သုဂတိ မှ နိဗ္ဗာန် သို့ဆိုက်ရောက်မှာပါဟု ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဟောခဲ့ပါသည်။

## ကမ္မဘဝကြောင့်ဇာတိပေါ်ပုံ
## (၄) အကွက်





ဇာတိ သည် အလိုလိုမဖြစ်ပါ။ (၃)အကွက်ကပြုခဲ့တဲ့ တဏှာ ဥပါဒါန် ကြောင့် ပြုလုပ်ရသော ကမ္မဘဝ ဖြစ်ပါသည်။ ၎င်း ကံကြောင့် တမလွန်ဘဝမှာ ဇာတိ ဖြစ်ရတာပါ။

ဇာတိ မရှိသူ အိုနာသေ မဖြစ်ပါခင်ဗျား။ ဇာတိ ကြောင့် ဇရာမရဏ ဖြစ်ရတာပါခင်ဗျား။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ




အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော။ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝ နိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

http://www.dhammadownload.com



မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ချုပ်ပုံဟောသော တရားမှာ *နိရောဓ* နှင့် *နိရောဓေါ*၊ *အဝိဇ္ဇာချုပ်* လို့ *သင်္ခါရချုပ်*ပုံမှ စ၍ *ဇာတိနိရောဓ ဇရာမရဏနိရောဓေါ*။

ဘုရားကိုယ်တော်မြတ်ကြီး ဘုရားဖြစ်လို့ *ပဋိစ္စသမုပ္ပါဒ် အင်္ဂါ* (၁၂) ပါး ချုပ်ပုံကို ဟောတော်မူပါသည်။ ဘုရားလည်း *ဝေဒနာနိရောဓမှ တဏှာနိရောဓေါ* နှလုံးသွင်းလို့ ဘုရားဖြစ်ပြီး၊ အားလုံးချုပ်ငြိမ်းပုံကို ပဋိလုံပါဠိ ဟုခေါ်ပါသည်။ အဲဒါကြောင့် ဘုရားက *ဒုက္ခက္ခန္ဓဿ နိရောဓေါ ဟောတိဟု ဟောတော်မူပါသည်*။

ကျွန်တော်တို့သည် ဘုရား *ပဋိစ္စသမုပ္ပါဒ်ချုပ်ပုံ* ကြည့်၍ ကြည်ညိုရပါသည်။

ကျွန်တော်တို့လုပ်ရမည့် *ဝိပဿနာ* အလုပ်သည် *တရားအားထုတ်ချိန်မှာ (၂) အကွက်မှ ဝေဒနာအနိစ္စကို ဉာဏ်မဂ္ဂနှင့်ရှုလျှင် သမ္မာဒိဋ္ဌိဉာဏ် ရောက်နေပါပြီခင်ဗျား*။

## မူလနှစ်မြာ
## အဝိဇ္ဇာနှင့်တဏှာ

သတ္တဝါ ဖြစ်ရခြင်းအကြောင်းတရားသည် *အဝိဇ္ဇာ* နှင့် *တဏှာ* အရင်းခံဖြစ်ပါသည်။

*အဝိဇ္ဇာ* ၏ တရားကိုယ်သည် *မောဟစေတသိက်* ဖြစ်ပါသည်။

*တဏှာ* ၏ တရားကိုယ်သည် *လောဘစေတသိက်* ဖြစ်ပါသည်။

http://www.dhammadownload.com



ကိလေသဝဋ် (၃) ပါး သည် အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန် ဖြစ်ပါသည်။

အဝိဇ္ဇာ နှင့် တဏှာ သည် သံသရာခဲ့တတ်တဲ့ တရား ဖြစ်ပါသည်။

အဝိဇ္ဇာ နှင့် တဏှာ သတ်လျှင် သံသရာပြတ် တဲ့တရား။ သံသရာရှည် လျှင် ဒုက္ခသက်ရှည် လေပါဘဲ။ ကိလေသာ သတ်မှသာ နိဗ္ဗာန် ရောက်မှာပါ။ ကိလေသာ ကို အဖေါ်ပြုနေလျှင် (၃၁) ဘုံမှာ ခန္ဓာသံသရာ လည်၍၊ ယောဂီခန္ဓာမှာ ဘုရားပွင့်ဘို့ လမ်းမမြင်တော့ပါ။

## အဝိဇ္ဇာ (၄) မျိုး

### သစ္စာ (၄) ပါးမသိတာ အဝိဇ္ဇာ

| | | |
|---|---|---|
| ၁။ | ခန္ဓာ၏ဒုက္ခသစ္စာ | ဆင်းရဲတာ မသိတဲ့အဝိဇ္ဇာ |
| ၂။ | ခန္ဓာ၏ ဒုက္ခဖြစ်ကြောင်း | သမုဒယ မသိတဲ့အဝိဇ္ဇာ |
| ၃။ | ခန္ဓာ၏ ဒုက္ခချုပ်ရာ | နိရောဓ မသိတဲ့အဝိဇ္ဇာ |
| ၄။ | ခန္ဓာ၏ ဒုက္ခချုပ်ကြောင်း | မဂ္ဂ မသိတဲ့အဝိဇ္ဇာ |

### သိကောင်းတာ မသိတဲ့အဝိဇ္ဇာ

| | |
|---|---|
| လူ စည်းစိမ်သည် | ဒုက္ခသစ္စာ ဟုမသိတဲ့အဝိဇ္ဇာ |
| နတ် စည်းစိမ်သည် | ဒုက္ခသစ္စာဟု မသိတဲ့အဝိဇ္ဇာ |
| ဗြဟ္မာ စည်းစိမ်သည် | ဒုက္ခသစ္စာ ဟု မသိတဲ့အဝိဇ္ဇာ |

http://www.dhammadownload.com



## အဝိဇ္ဇာ (၅) မျိုး

ကံနှင့်အကျိုးပေးမသိတဲ့

၁။ ကမ္မဿကတာ ဉာဏ်ပေါ်မှာဖုံးတဲ့အဝိဇ္ဇာ

နာမ်၊ ရုပ် ကိုပိုင်းခြားမသိတဲ့

၂။ နာမရူပ ပရိစ္ဆေဒ ဉာဏ်ပေါ်မှာဖုံးတဲ့ အဝိဇ္ဇာ

အကြောင်းသိမ်းဆည်းတဲ့ဉာဏ်မသိတဲ့

၃။ ပစ္စယ ပရိဂ္ဂဟ ဉာဏ်ပေါ်မှာ ဖုံးတဲ့အဝိဇ္ဇာ

လောကီမဂ်မသိတဲ့

၄။ ဖြစ်ပျက်ကိုမသိတဲ့ ဉာဏ်ပေါ်မှာ ဖုံးတဲ့အဝိဇ္ဇာ

မဂ္ဂင်ရှစ်ပါးမသိတဲ့

၅။ လောကုတ္တရာမဂ် ဉာဏ်ပေါ်မှာဖုံးတဲ့အဝိဇ္ဇာ

## အာသဝနှင့်အဝိဇ္ဇာတို့သည် အပြန်အလှန် ဆက်နွယ်ပုံ

အာသဝသမုဒယာ - အဝိဇ္ဇာ သမုဒယော

အာသဝကြောင့် လည်း အဝိဇ္ဇာဖြစ်

အဝိဇ္ဇာ သမုဒယာ - အာသဝသမုဒယော

အဝိဇ္ဇာကြောင့် လည်း အာသဝ ဖြစ်

## မရဏာသန္နဇော

ရုပ်-နာမ် ရှိသော ပုဂ္ဂိုလ်သည် မရဏာသန္နဇော-

သေခါနည်းကပ်၍ပေါ်လာသည်မှာ

http://www.dhammadownload.com



## အာသဝေါတရား(၄)ပါး

*ကာမာ သဝ* ......... *ကာမတဏှာ*

*ဘဝါ သဝ* ......... *ဘဝတဏှာ*

*ဒိဋ္ဌာ သဝ* ......... *ဒိဋ္ဌိ အယူဝါဒများ*

*အဝိဇ္ဇာ သဝ* ......... *အဝိဇ္ဇာ၊မောဟ*

- တို့မှာ သေခါနည်း *အာသဝ* အကြောင်းခံ၍ သေဆုံးတာနှင့် တစ်ပြိုင်တည်း *ပဋိသန္ဓေစန္ဒာ* မှာ *အဝိဇ္ဇာအနုသယ* ကိန်းပါသည်။ *အာသဝ* အကြောင်းခံသော *စုတိစိတ်* သည် *ပဋိသန္ဓေစန္ဒာ* တွင် *အဝိဇ္ဇာအနုသယ* ကပ်၍ ပါပြီးသားပါခင်ဗျား။ *ပဋ္ဌာန်းကျမ်းတော်ကြီး* တွင် *စုတိ* နှင့် *ပဋိသန္ဓေ* သည် *အနန္တရပစ္စယေန ပစ္စယော သတ္တိ* ဟု ဘုရားဟောပါသည်။

### ပထမအဆင့်တရားရှိသောယောဂီသည်

| | | |
|---|---|---|
| *ကာမာသဝ* | *ကိလေသာ* | (၁/၄) လျော့၍ (၃/၄) ကျန်သည်။ |
| *ဘဝါသဝ* | *ဘဝတွယ်တာမှု* | (၁/၄) လျော့၍ (၃/၄) ကျန်သည်။ |
| *ဒိဋ္ဌာသဝ* | | လုံးဝပြတ်သည်။ |
| *အဝိဇ္ဇာသဝ* | *မိုက်မဲခြင်း* | (၁/၄) လျော့၍ (၃/၄) ကျန်သည်။ |

### အဝိဇ္ဇာနှင့်တဏှာသည်
### နိဗ္ဗာန်သို့တားဆည်းသောတရား။

အေးငြိမ်းရာ *မြတ်နိဗ္ဗာန်* သို့ မဂ်လမ်းခရီးဖြင့် သွားရာလမ်းကြောင်းဖြစ်သော *အလောဘ၊ အဒေါသ၊ အမောဟ* နှင့်တရား*အားထုတ်ရတာ ဝါသနာပါသည်။*

http://www.dhammadownload.com



## တိဟိတ်ပုဂ္ဂိုလ်

| | |
|---|---|
| လောဘတဏှာကို | ဝိပဿနာဉာဏ်နှင့် တဒင်္ဂမှ<br>ဝိက္ခမ္ဘနမှသမုစ္ဆေဒ အထိ ပယ်နိုင်<br>အောင် ကြိုးစားမည်။ |
| ဒေါသအမျက်ကို | ဝိပဿနာဉာဏ်နှင့် တဒင်္ဂမှ<br>ဝိက္ခမ္ဘနမှသမုစ္ဆေဒ အထိ ပယ်နိုင်<br>အောင် ကြိုးစားမည်။ |
| မောဟအဝိဇ္ဇာ ကို | ဝိပဿနာဉာဏ်နှင့် တဒင်္ဂမှ<br>ဝိက္ခမ္ဘနမှသမုစ္ဆေဒ အထိ ပယ်နိုင်<br>အောင် ကြိုးစားမည်။ |

## တိဟိတ်ပုဂ္ဂိုလ်သည်

ဒါန ........................နှင့်ကင်းကွာ၍မနေတတ်ပါ။

သီလ ........................နှင့်ကင်းကွာ၍မနေတတ်ပါ။

ဝိပဿနာ ....................နှင့်ကင်းကွာ၍မနေတတ်ပါ။

ဤဘဝမှာ ဒိဋ္ဌိ ပြုတ်အောင်ကြိုးစား၍ တဒင်္ဂနိဗ္ဗာန် ပထမမြင် အောင် တရားအားထုတ်သည်။

ရာဂက္ခယော ............ ရာဂကုန်ရာနိဗ္ဗာန်သို့ ကြိုးစားမည်။

ဒေါသက္ခယော ............ ဒေါသကုန်ရာနိဗ္ဗာန်သို့ ကြိုးစားမည်။

မောဟက္ခယော ............ မောဟကုန်ရာနိဗ္ဗာန်သို့ ကြိုးစားမည်။

http://www.dhammadownload.com



## ဒွိဟိတ်ပုဂ္ဂိုလ်များသည်

အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ နှင့်လည်း လူပြည်၊ နတ်ပြည် ရောက်နိုင်သည်။ မသိမှု အဝိဇ္ဇာ ကြောင့်လည်း ပုညာဘိသင်္ခါရ နှင့်လှူ၍ သုဂတိ ရသည်။ လူစည်းစိမ်၊ နတ်စည်းစိမ် လိုချင်သော တဏှာ နှင့် ဘုရားတည်၊ ကျောင်းဆောက်၊ ဇရပ်ဆောက်၊ ရေတွင်း၊ ရေကန်တူး လှူလည်း နတ်ရွာသုဂတိရနိုင်ပါသည်။

အဝိဇ္ဇာ နှင့် တဏှာ ခြံရံလှူတာကို ဝိဝဋ္ဋနိဿိတ ကုသိုလ် ဟု မြတ်စွာဘုရားဟောပါသည်။

သံသရာ မှာ စန္ဒာဒုက္ခကြီး ရှည်လွန်းလို့ ဘုရားမကြိုက်ပါ။ သစ္စာသိပြီးလှူတာ ဘုရားကြိုက်သည်။ ဘုရားကြိုက်တဲ့ အလှူ မျိုးကို ဝိဝဋ္ဋနိဿိတ ကုသိုလ် ဟုခေါ်ပါသည်။

ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး ဟောသည် မှာ သစ္စာ မသိဘဲနဲ့ မလှူနဲ့၊ သစ္စာ သိရင် စန္ဒာကိုယ် ရောင်းလှူ ပါဟု ဟောသည်မှာ မြန်မာပြည်ရှိသော မိုးကုတ်ယောဂီဆိုလျှင် နာကြားပြီးသားဖြစ်ပါလိမ့်မည်။ မြန်မာပြည်မှာ နာမည်ကြီး ဆရာတော်ဘုရား၏ တရားထဲမှာ သစ္စာသိပြီးမှလှူဆိုလျှင် ဘုန်းကြီးတွေနှင့် သီလရှင်တွေ ဝော်ကုန်မှာပေါ့ဟု ဟောခဲ့တယ်။

ဒီအဖြေကို စာဖတ်သူအား ရှင်းပြပါရစေ။ မြန်မာပြည်မှာ လူပုဂ္ဂိုလ် (၁၀၀၀) ယောက်မှာ တိဟိတ်ပုဂ္ဂိုလ် အလွန်နည်းပါ သည်ခင်ဗျား။ ကျွန်တော်နေသော အောင်တော်မူရပ်၊ မြစန္ဒာလမ်း မှာ - လမ်း ၂၀ မှ လမ်း ၃၀ အထိ အိမ်ပေါင်း ၁၅၀၀ × တစ်အိမ်လူ

http://www.dhammadownload.com



၅ ယောက်နှုန်း • လူဦးရေ (၇၅၀၀) ရှိသော်လည်း၊ တရားဝါသနာပါသူ (၇)ယောက်လောက်သာ ရှိသည်။ အဲဒါကြောင့် မြတ်စွာဘုရားက *မနုဿတ္တဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ။* လူအဖြစ် ရခဲသည်၊ သူတော်ကောင်းတရားနာဘို့ အလွန်ခဲယဉ်းသည်။ *စတ္တာရော အပါယာ သကဂေဟာ သဒိသာ။* အပါယ်(၄) ပါးသည် မိမိအမြဲနေအိမ်နှင့်တူသည်ဟု ဘုရားဟောသည်။

## ဒိဋ္ဌိဟိတ် ပုဂ္ဂိုလ်

ဒါနတရားအလွန် *လှူဒါန်းခြင်း* သည်၊ နတ်စည်းစိမ်လိုချင်သော *တဏှာ* နှင့် လှူသော*ကုသိုလ်။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ* သည် အဝိဇ္ဇာအကြောင်းခံဖြစ်သည်။ အမှတ်စဉ်စာအုပ်(၆) စာမျက်နှာ(၂၅၂)ကြည့်ပါ။ *မာလ္လိကာ မိဖုရားကြီး (အသဒိသဒါန)* ပြု၍ လှူသော်လည်း ဒိဋ္ဌိမပြုတ်သေးလို့ ငရဲကျသေးသည်။ ဒါနတရားသည် အပါယ်(၄)ပါး အာမခံချက်မရှိပါ။

*ကဿပဘုရားသာသနာတော်မှာ* အနှစ် (၂၀၀၀၀) ရဟန်းသီလမြဲသော ရဟန်းတော်တစ်ပါးသည် ချောင်းငယ် အတွင်းလှေနှင့် ဆွမ်းခံ ထွက်ရပါသည်။ လှေငယ်စီးနေစဉ်မှာ လှေစောင်းသွားချိန်တွင် မှောက်မှာစိုးရိမ်၍ ပိန်းရွက်ကို လှမ်းဆွဲမိလို့ ပိန်းရွက်ပြတ်သွားပါသည်။ ရဟန်းသံဃာတော် များသည် သစ်ရွက်မှစ၍ သစ်ကိုင်းများမချိုးမဖြတ်ရဟု မြတ်စွာဘုရား တားမြစ်ခဲ့ပါသည်။ ၎င်းအပြစ်ကို တစ်ခြားရဟန်း တစ်ပါးနှင့် *အာပတ်*

http://www.dhammadownload.com


ဖြေလျှင် ပြေနိုင်တဲ့(ဒုက္ကဋ်အာပတ်ဟု) ဖြစ်ပါသည်။


ပိန်းရွက်ချိုးမိသောအပြစ်ကို *အာပတ်* မဖြေရသေးဘူး ဟူသော စွဲလမ်းတဲ့အယူနှင့် *ဥဒ္ဒစ္စ–ကုက္ကုစ္စစိတ်* သည် *ပဝတ္တိဝိညာဏ်* ချုပ်ခါနည်းမှာ ပေါ်သောကြောင့်၊ ဂင်္ဂါမြစ်ထဲမှာ နတ်နဂါးအဖြစ်နှင့် *ကဿပဘုရားသာသနာ* မှ *ဂေါတမဘုရားသာသနာ* အထိ၊ *တိရစ္ဆာန်ဘဝ* နှင့် သက်တန်းအရှည်ကြီးနှင့်နေရပါသည်။

အတိုချုပ်အမိပ္ပါယ်မှာ *သီလတရားသည် အပါယ် (၄) ဘုံ စိတ်မချရသေးပါ။ သီလကောင်းသလောက် ရောက်ရာ တိရစ္ဆာန်ဘဝမှာ သက်တမ်းအရှည်ကြီးနေရတာသည် ဒုဂ္ဂတိဘဝ* ဖြစ်သောကြောင့်၊ *သုဂတိ* ပြန်၍ ရနိုင်ရန်၊ အလွန်ပင် ခဲယဉ်း လှပါသည်။ *ဒုဂ္ဂတိဘဝ* သည် *လောဘဒေါသ* နှင့် ဝမ်းစာရှာရ၍၊ *အကုသိုလ်* ပြုပြီးရင်းနောက် *အကုသိုလ်* လည်းဖြစ်နေပါသည်။ *ဗုဒ္ဓဘာသာ* မှာ လူ့ဘဝတွင်၊ မသေခင် ဒိဋ္ဌိ ပြုတ်တဲ့တရားကို မနာရလျှင် လူဖြစ်ရကြိုး မနပ်တော့ပါခင်ဗျား။

ဗဟုသုတရှိသော *ဒိဋ္ဌိတ်ပုဂ္ဂိုလ်* များသည် နတ်စည်းစိမ်ကို ရွေးသတဲ့။ ငါးပါးအာရုံကာမဂုဏ်ကို လူကဲ့သို့ခံစားရသော *စတုမဟာရာဇ်* နှင့် *တာဝတိံသာ* နတ်ပြည်ကိုသာ လိုချင်သတဲ့။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ၂၀-၁၁-၁၉၆၁ ခု နှစ်ဟောသော အမှတ်စဉ်(၆)စာမျက်နှာ ၂၀၇ မှာ *အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရ* ဆိုတာ မသိမှုအဝိဇ္ဇာကြောင့် ပြုလုပ်တဲ့ *အကုသိုလ်* တရား ဖြစ်ပါသည်။ ဆရာတော်ဘုရားက

http://www.dhammadownload.com

၂၀-၁၁-၁၉၆၀ ခုနှစ်၊ အမှတ်စဉ်(၆) စာမျက်နှာ(၂၅၄) မှာ- မသိတဲ့ အဝိဇ္ဇာ နှင့် ပြုလုပ်တဲ့ကုသိုလ်သင်္ခါရ တရားကို ဆရာတော်ဘုရားက ၂၂-၁၁-၁၉၆၀ခုနှစ်၊ အမှတ်စဉ်(၆) စာမျက်နှာ (၁၈၉) မှာ -

**အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ**

**အဝိဇ္ဇာပစ္စယာ** = မသိမှုအဝိဇ္ဇာလွှမ်းမိုးခြင်းကြောင့်


**ပုညာဘိသင်္ခါရာ** = လူ့ဘဝ နတ်ဘဝ ပြုပြင်တတ်တဲ့ သင်္ခါရတရားတွေသည်၊ ဥပ္ပဇ္ဇန္တိ ဖြစ်ကြလေကုန်၏လို့ ဆိုသောကြောင့် တကာ တကာမတွေ သစ္စာမသိဘဲနဲ့ လှူလိုက်လို့ရှိရင် ပုညာဘိသင်္ခါရ ဖြစ်တယ် (မှန်လှပါဘုရား)

<u>မှတ်ချက်</u>

ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဟောတဲ့ အမှတ်စဉ်(၆)တရားမှာ အဝိဇ္ဇာနှင့်သင်္ခါရ တွဲပုံပြတာပါခင်ဗျား။

http://www.dhammadownload.com


## ဒိဋ္ဌဓမ္မပုဂ္ဂိုလ်များ၊ ဝဋ်မကျွတ်ကံမပြတ်လည်ပုံ ပဋိစ္စသမုပ္ပါဒ်တရားတော်




(၁)အကွက် အတိတ်ဘဝက ကိလေသဝဋ် (၃) ပါး ညွှန်ကြားသလို ကမ္မဝဋ်(၂)ပါးက လှုပါသည်။

(၂)အကွက် ဝိပါကဝဋ် (၈) ပါးသုဂတိခန္ဓာ ရပါသည်။ ယျှုလက်ရှိ ဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ကိလေသဝဋ်(၃) ပါး ခြံရံ၍၊ အလှုမျိုးစုံ ပြုလုပ်လှုသော နတ်စည်းစိမ်၊ လူစည်းစိမ် ရလိုပါ၏ဟု တဏှာနှင့် ဆုတောင်း၍ လှုကြပါသည်။ (ဆုတောင်းပြည့်ဘုရား မှာ လူအစည်ဆုံးပါပဲ)

အဝိဇ္ဇာနှင့်တဏှာ တရားကိုစုံအောင်ရေးပြီးပြီ။ တဏှာ လက်ကျန်

http://www.dhammadownload.com


ကလေး ရှင်းရအုန်းမည်။ တဏှာ၏ တရားကိုယ်က လောဘစေတသိက်။

တဏှာ

| သမလောဘ | ဝိသမလောဘ |
| --- | --- |
| သမလောဘနှင့် ရှာသောငွေသည်။ အလေးမှန်၊ဈေးမှန် ပစ္စည်းမှန်တာကို ရောင်းဝယ်၍ရသောငွေတို့ကို၊ဓမ္မိယလဒ္ဓ စင်ကြယ်သောငွေဖြစ်၍၊ သမ္မာအာဇီဝနှင့် အသက်မွေးသူ ဖြစ်ပါသည်။ | မသမာလောဘနှင့်ရှာသော ငွေသည်၊အလေးမမှန်၊ဈေး မမှန်၊ပစ္စည်း မမှန်တာကို ရောင်းဝယ်၍ရသောငွေကို၊ အဓမ္မိယလဒ္ဓ မစင်ကြယ်သော ငွေဖြစ်၍၊ မိစ္ဆာအာဇီဝနှင့်အ မွေးသူဖြစ်ပါသည်။ |

စင်ကြယ်သောငွေနှင့်ဝဋ္ဋနိဿိတကုသိုလ် နှင့်လှူလည်း နတ်ရွာ သုဂတိ ရောက်မည်။ မစင်ကြယ်သောငွေနှင့် ဘယ် ကုသိုလ်ပဲ၊ ပြုစေကာမူ အဖြူအမဲရောနှော၍ အကျိုးပေးသည်။ အဖြူကံကလူဘဝ၊ အကျိုးပေးသော်လည်း အမဲကံက လူဆင်းရဲဘဝနှင့် သက်ဆိုး ရှည်သည်။

http://www.dhammadownload.com


## အဝိဇ္ဇာနှင့်တဏှာ
## တို့၏

အကြောင်းတရားများထုတ်ဖော်ရခြင်းသည်။ ဗဟုသုတ အလို့ငှာ တင်ပြရခြင်းဖြစ်ပါသည်။ ကျွန်တော်နှင့်ရင်းနှီးသော ဓမ္မမိတ်ဆွေ (သို့မဟုတ်) ဓမ္မမာမက ဆိုတာ တရားတော်ကို မြတ်နိုးသူဟု ခေါ်ပါသည်။ သူတို့သည် ကျွန်တော့်ထံ တစ်ရက်ခြား နှစ်ရက်ခြား လာလေ့ရှိသည်။ လာလျှင် တစ်နေကုန် တရားနှင့် ပျော်မွေ့စွာ ဆွေးနွေးကြသည်။

နိဗ္ဗာန် ရောက်ကြောင်းတရားကိုဝေဖန်လျှင်

အဝိဇ္ဇာသည် အမှောင်တရား

တဏှာသည် အမိုက်တရား

ကျွန်တော်က ဓမ္မမာမက များအား မေးခွန်းထုတ်သည်

အဝိဇ္ဇာသည် *ကုသလ လား၊ အကုသလ လား။*

တဏှာသည် *ကုသလ လား၊ အကုသလ လား။*

၁။ ဆီစက်ပိုင်ဦးဝင်းမောင်က *အကုသလ* ဟုဖြေသည်။

၂။ အပ်ချည်စက်ပိုင်ဦးတင်ကိုက *အကုသလ* ဟုဖြေသည်။

၃။ ဓမ္မာစရိယ (စာမေးပွဲအောင်)ဦးထွန်းပိုင်က *အကုသလ* ဟု ဖြေသည်။

၄။ မြေစာရင်းဦးစီးအရာရှိ (ငြိမ်း) ဦးချစ်သန်း၏ အဖြေမှာ နိဗ္ဗာန် သွားရာ မဂ်လမ်းခရီးတွင် ( *တိဟိတ်* )ပုဂ္ဂိုလ်များသည် အဝိဇ္ဇာနှင့်တဏှာ ကိုအဖော်မပြုရပါ။ နိဗ္ဗာန် ကို

http://www.dhammadownload.com



မလိုချင်သေးသော ( ဒွိဟိတ် )ပုဂ္ဂိုလ်များကတော့ *အဝိဇ္ဇာ* နှင့် *တဏှာ* ကိုအဖော်ပြုကြပါသည်။ ပြုကြပုံမှာ *အဝိဇ္ဇာ ပစ္စယာပုညာဘိသင်္ခါရာ* ကြောင့်လည်းသုဂတိ ရပါသည်။ နတ်စည်းစိမ်လိုချင်သောကြောင့်လည်း *တဏှာ* နှင့် *အလျှုဒါန* ပြုကြပါသည်။

ကျွန်တော့တိုက်မှာ ဓမ္မမိတ်ဆွေစုံတဲ့အခါ ကျွန်တော်က ဓမ္မပုစ္ဆာ တစ်ပုဒ်မေးပါသည်။

*တရားနှလုံးသွင်းတာ* နှင့်*တရားအားထုတ်တာ*အတူတူလား၊ တခြားစီလားဟု ဓမ္မမိတ်ဆွေများအားအဖြေပေးရန်တောင်းပန်ပါသည်။

ဦးထွန်းပိုင် ဓမ္မာစရိယ စာအောင်က မတူဘူးဟုဖြေသည်။
ဦးတင်ကို အပ်ချည်လုံးစက်ပိုင်ရှင်က မတူဘူးဟုဖြေသည်။
ဦးဝင်းမောင် ဆီစက်ပိုင်ရှင်က မတူဘူးဟုဖြေသည်။
ဦးချစ်သန်းကမန္တလေးတိုင်းနွားထိုးကြီးမြို့နယ်များတွင်မိုးကုတ်တရားကို နယ်လှည့်ဟောနေပါ၍ မဖြေရပါ။
မတူပုံအဖြေပေးပါဟု ဦးဝင်းမောင်အားတောင်းပန်သောအခါ-

*ပါဠိတော်မှာ ယောနိသော မနသိကာရ နှင့် ဘာဝေတဗ္ဗ* ဟုခွဲပြပါသည်။

မြန်မာလို*တရားနှလုံးသွင်းတာ*သည် ပါဠိလို*ယောနိသောမနသိကာရ* ဟုခေါ်ပါသည်။

http://www.dhammadownload.com



မြန်မာလို တရားအားထုတ်ခြင်းသည်ပါဠိလို*ဘာဝေတဗ္ဗ* ဟု ခေါ်ပါသည်။

ဦးဟုတ်စိန် ပါဠိအဘိဓါန်မြန်မာပြန်က စာမျက်နှာ(၈၀၃) စာကြောင်းရေ (၂၁)မှာ၊*ယောနိသောမနသိကာရ*ကို(*အသင့်အား မြင့် နှလုံးသွင်းခြင်း*) ဟု ပြန်ဆိုပါသည်။

*ဘာဝေတဗ္ဗ* ကိုဦးဟုတ်စိန် ပါဠိအဘိဓါန်စာမျက်နှာ(၇၃၁) စာကြောင်းရေ(၂၄)၊ *ဘာဝေတိ (ပွားစေသင့်သောမဂ္ဂသစ္စာ)* ဟု ပြန်ဆိုပါသည်။

ကျွန်တော်တို့သည် မိုးကုတ်ဆရာတော်ဘုရား၏သာဝက ပီပီ၊ *ဆရာတော်၏ ဥပနိဿယနှင့် ပြေရသော် ယောနိသောမန သိကာရကို ဘုရားဟောတဲ့ ရုပ်နာမ်မွေသခါရတို့၏ ဟုတ်တိုင်း မှန်ရာ နှလုံးသွင်းခြင်းဟုပြေပါမည်။*

*ဘာဝေတဗ္ဗ* သည် မဂ္ဂင် (၈) ပါး နှင့်ပေါ် ဆဲခန္ဓာ အနိစ္စကို *ကိလေသာကြားမခိုအောင် ရှုမှတ်ခြင်းဟု ပြေပါမည်။*

အမေးပုစ္ဆာ (၂) မျိုးလုံး၊ ရှင်းလင်းအောင်ရေးပြပါမည်။ ဤအမေးသည် ကျွန်တော်ဖြေခြင်း၍မေးသောပုစ္ဆာ ဖြစ်ပါသည်။

## မေးခွန်းများ

တရားနှလုံးသွင်းခြင်းနှင့်တရားအားထုတ်ခြင်းသည်အတူတူလား? တခြားစီလား?

*တရားနှလုံးသွင်းခြင်းဆိုသည်မှာ ယောနိသော မနသိကာရ ကို ပထမရှင်းပြပါမည်။*

http://www.dhammadownload.com


မိုးကုတ်ဆရာတော်ဘုရားဟောတော်မူသောတရား ကို နာကြားပြီး၍ အဓိပ္ပါယ်ပေါက်အောင် နှလုံးသွင်းရပါမည်။

တရား၏ အဓိပ္ပါယ်ကို နားလည်အောင် အာရုံစူးစိုက် ရပါမည်။

အဓိပ္ပါယ် ပေါက်အောင် ဆင်ခြင်နှလုံးသွင်းရပါမည်။

ဥပမာ — တရားနှလုံးသွင်းခြင်း

တစ်နည်း — ယောနိသော မနသိကာရ ပြုခြင်းဆိုသည်မှာ

ပါဠိတော် — အနိစ္စာ ဝတ သင်္ခါရာ ။

ဥပ္ပါဒ ဝယ ဓမ္မိနော ။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ။

တေသံ ဝူပ သမောသုခေါ ။

## ပါဠိပညာရှင်၏မြန်မာပြန်

ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့သည် မမြဲသော အနက် သဘောကြောင့်၊ ဖြစ်ခြင်း၊ ပျက်ခြင်း၊ သဘောရှိကြ၏။

ဖြစ်ကုန်ပြီး၍ ချုပ်၊ ပျက် ကြလေကုန်၏။

ထို ရုပ် နာမ်ဓမ္မသင်္ခါရတရားတို့၏ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာ ချမ်းသာအစစ်ကေန် ဖြစ်ပါပေ၏။

## စာရေးသူ၏မြန်မာပြန်

ပြုပြင်၍ဖြစ်ပေါ်ရသော၊ သင်္ခါရတရား တို့ သည် မမြဲသော အနိစ္စ တရားဟူ ၊ ဝတ စင်စစ် ကေန်ဖြစ်ပါသည်။

http://www.dhammadownload.com


ဓမ္မိနော တရားသဘောနှင့် ကြည့်လျှင် ဖြစ်၍ ပျက်နေသော ဥပါဒါနှင့် ဝယ တရား တို့သည် ဥပ္ပါဒ်တွာ ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ ချုပ်ငြိမ်းကြကုန်၏။တေသံ ထိုတရားတို့၏ဝူပသမော ချုပ်ငြိမ်းခြင်း နိဗ္ဗာန်သည်၊ သုခေါ ချမ်းသာအစစ် ဧကန် ဖြစ်ပါသည်။

(အနိစ္စ သဘောက မမြဲတဲ့လက္ခဏာ၊ ဒုက္ခသစ္စာ)

(နိရောဓ သဘောက မြဲတဲ့နိစ္စ၊ ငြိမ်းတဲ့ သန္တိသုခသစ္စာ)

မိုးကုတ်ဆရာတော်ဘုရားတရားကို နှစ်သက်သော ယောဂီသည်၊ မိုးကုတ်ဆရာတော်ကိုယ်တိုင်ဟောသော တိတ်ခွေ များများ နာကြားပါ။ မိုးကုတ် တရားစာအုပ် များများဖတ်ပါ။ မိုးကုတ်ဆရာတော် တရားများကို များများမနာဘဲနှင့် ၊ မိုးကုတ် တရားစာအုပ် များများ မဖတ်ဘဲနဲ့၊ ဘယ်လိုလုပ်၍ ရုပ်နာမ်မွေ သခါရ တရားတို့၏ ဟုတ်တိုင်းမှန်ရာကို နှလုံးသွင်းရပါမည်နည်း။

ပါဠိတော် ယောနိသော မနသိကာရ သည်အလွန် အရေး ကြီးပါသည်။တရားနာတာနှင့် တရားစာဖတ်တာသည်၊ သညာနှင့် မှတ်တာပါ။

သမ္မာသင်္ကပ္ပ အားကောင်းမှသာလျှင် သမ္မာဒိဋ္ဌိဉာဏ် ဖြစ်မှာပါ။

သမ္မာဒိဋ္ဌိဉာဏ် ဖြစ်မှသာ ခန္ဓာမှာ ဉာဏ်ရောက်မည်။

ခန္ဓာမှာ ဉာဏ်မရောက်ဘဲနဲ့ ၊ ခန္ဓာမှာ တရားမကိန်းနိုင်ပါ။

ရုပ် ၊နာမ်၊ခန္ဓာ ၏ ကိစ္စကို ဟုတ်တိုင်းမှန်ရာ ကြံစည်စိတ်ကူးတာကို (သမ္မာသင်္ကပ္ပ ) ဟုခေါ်သည်။

ရုပ် ၊နာမ်၊ခန္ဓာ အပေါ်မှာ ဟုတ်တိုင်းမှန်ရာ နှလုံးသွင်းခြင်းကို

http://www.dhammadownload.com



(ယောနိသော မနသိကာရ ) ဟုခေါ်ပါသည်။

ဘယ်အပေါ်မှာ နှလုံးသွင်းရမှာလည်း? ၊ဘယ်အပေါ်မှာ ကြံစည်အားကောင်းရမှာလဲဟုမေးလျှင်၊ ကိုယ်နာထားတဲ့ မိုးကုတ်သစ္စာတရားများနဲ့၊ ကိုယ်ဖတ်ထားတဲ့ မိုးကုတ်သစ္စာတရား အပေါ်မှာ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်အောင်၊ နှလုံးသွင်း၍ သမ္မာသင်္ကပ္ပ ဉာဏ် အားကောင်းရမည်။

*တစ်နည်း - ပါဠိတော်တစ်ပုဒ်မှာ ပါဠိတစ်လုံးခြင်း၏ အဓိပ္ပါယ် ဆက်စပ်ပုံစည်းစား၍ အဖြေကိုပိုင်ပိုင်နိုင်နိုင်ထွက်လျှင်( တရားနှလုံးသွင်းရကြီးနပ်ပါပြီ။ ယောနိသောမနသိကာရ ပြုလုပ်ရကြီးနပ်ပါပြီ။*

ဥပမာ

တရားနှလုံးသွင်းခြင်း

*တစ်နည်း - သမ္မာသင်္ကပ္ပအားနှင့် ခန္ဓာကယောဟာထားတဲ့တရားအပေါ်မှာကြံစည်ခြင်းကို မည်ကဲ့သို့ကြံစည်ရမည်နည်း။*

<u>ပါဠိတော်</u>

*သဗ္ဗေ သင်္ခါရာ အနိစ္စာ။*

*ယဒါ ပညာယ ပဿတိ။*

*အထ နိဗ္ဗိန္ဒတိ ဒုက္ခေ။*

*ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။*

http://www.dhammadownload.com



## ပါဠိပညာရှင် မြန်မာပြန်

ခပ်သိမ်းကုန်သော အကြောင်းတရားလေးပါး တို့သည် ပြုပြင်အပ်ကုန်သော ခန္ဓာငါးပါး၊ ရုပ်၊ နာမ် တရားတို့သည်၊ အမြဲ မရှိကြကုန်။ ဤသို့အကြင်အခါ၌ ဝိပဿနာပညာဖြင့် မြင်တတ်၏။ ထိုသို့မြင်သောအခါ၌၊ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းဖြစ်ပါပေ၏။

## စာရေးသူ၏မြန်မာပြန်

*အားလုံးပြုပြင်၍ ပေါ်လာရသောခန္ဓာငါးပါး သင်္ခါရတရားတို့သည် မမြဲကြကုန်၏။ ယခါမမြဲသောအကြင်အခါ၌ ဝိပဿနာပညာမဂ္ဂင်ငါးပါး နှင့် ရှုမှတ်ရမည်။ အထ ထိုသို့ နိဗ္ဗိန္ဒတိ ဒုက္ခေ နိဗ္ဗိန္ဒဉာဏ်ဆိုတာသည် ငြီးငွေ့တဲ့ဉာဏ်ရောက်၍၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာသည်၊ စင်ကြယ်သော လောကုတ္တရာ မဂ်ဉာဏ် ရပါတော့သည်။*

### ဘုရားဟောသော ပါဠိတော်ကို ခန္ဓာမှာဉာဏ် ရောက်အောင် ဝေဖန်သုံးသပ်နည်း

| | |
|---|---|
| ၁။ အနိစ္စ | မမြဲတာအမှန် |
| ၂။ ဝတ | ခင်စစ်ကေန် |
| ၃။ သင်္ခါရာ | ပြုပြင်၍ ဖြစ်တဲ့တရားများ |
| ၄။ ဥပ္ပါဒ | အဖြစ် |

http://www.dhammadownload.com



၅။ ဝယ      အပျက်
၆။ ဓမ္မနော      တရားသဘော
၇။ ဥပ္ပဇ္ဇိတွာ      ဖြစ်ကုန်ပြီး၍
၈။ နိရုဇ္ဈန္တိ      ပျက်ကြကုန်၏
၉။ တေသံ      ထိုတရားတို့၏
၁၀။ ဝူပသမော      လုံးဝချုပ်ငြိမ်းခြင်းသည်
၁၁။ သုခေါ      ချမ်းသာ၏

အနိစ္စ ဝတ သင်္ခါရာ

သင်္ခါရတရားသည် အနိစ္စမှာ လမ်းဆုံးပါသည်။ ဘယ်သင်္ခါရလဲဟုမေးလျှင် အာရုံ နှင့် ဒွါရ တိုက်၍ပေါ်တဲ့စန္ဒာသည် သင်္ခါရတရား ဖြစ်ပါသည်။ ၎င်းသင်္ခါရတရား စန္ဒာငါးပါးသည် ပေါ်လည်း ပေါ်သည်၊ ပျက်လည်း ပျက်သည်။

ဥပ္ပါဒ ဝယ ဓမ္မိနော

တရားသဘောနှင့် ကြည့်လျှင်အားလုံးသောစန္ဒာငါးပါး၊ သင်္ခါရတရားတို့သည်၊ ဥပ္ပါဒ ဖြစ်လည်းဖြစ်တယ်။ ဝယ ပျက်လည်း ပျက်တဲ့ သဘောပါဘဲ။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ

သင်္ခါရတရားတို့သည် ဖြစ်ကုန်ပြီး၍ ချုပ်ပျောက် ကြကုန်၏။

တေသံ ဝူပသမော သုခေါ

တေသံ ထိုတရားတို့၏ ဝူပသမော၊ လုံးဝ ငြိမ်းရာ မြတ်နိဗ္ဗာန်သည်၊သုခေါ ချမ်းသာအစစ်ကောန်ဖြစ်ပါသည်။

http://www.dhammadownload.com



## ဦးမေ့ဓာဝီ က သွန်သင်ဆုံးမပုံ

*သမ္မာသက်ပွ အားကောင်းမှ သမ္မာဒိဋ္ဌိ ညာဏ်ကြီးပုံ နှင့် တရားနှလုံးသွင်းပုံကို၊ ကျွန်တော့အား ဆရာတော် ဦးမေ့ဓာဝီ အရှင်သူမြတ်က သွန်သင်ဆုံးမဘူးပါသည်။*

ထိုသို့သွန်သင်ဆုံးမဘူးသည်ကို မှီငြမ်းပြု၍ ဒိဋ္ဌိ သုံးမျိုး ပြုတ်နည်း စာအုပ်မှာလည်းရေးခဲ့ပါသည်။

ယခုဇော (၇) ကြိမ်နှင့် အာစိဏ္ဏကံ အာသန္နကံစာအုပ် မှာလည်း ပါဠိတော်(၂) ပုဒ်ကို အကြောင်းအကျိုးပြု၍ရေးခဲ့ ပါသည်။

<u>ပါဠိတော်</u>

**ဒေသနာ ညာဏာ နုသာရေန**

**ညာဏံ ပေသေန္တဿ ညာဏုတ္တရဿ ဟောတိ။**

<u>မြန်မာလို</u>

*နားကတရားနာ၊ ညာဏ်က စန္ဒာလှည့်ပါ။ ဤ တရားနာ နည်းသည် စန္ဒာညာဏ်ရောက်မှု အမြန်ဆုံးနှင့် အကောင်းဆုံးနည်း ပါခင်ဗျား။*

ကျွန်တော်ရေးတာ မရှင်းလင်းခဲ့သော် စာဖတ်သူယောဂီ ကိုယ်တိုင် ကျွန်တော့ထံလာ၍ ဆွေးနွေးပါဟု မည်သည့်ယောဂီ ကိုမဆို ကြိုဆိုလျှက်ပါ။

*ဆရာတော်ဦးမေ့ဓာဝီ သည် မိုးကုတ်မေ့ကထိကများထဲ မှ တရားဟောကောင်းသော ဆရာတော်တစ်ပါးဖြစ်ပါသည်။*

http://www.dhammadownload.com



ဆရာတော်သည် ပိဋကတ်စာပေ မတတ်ပါ။ မိုးကုတ်ဆရာတော် တရားကို တအားလိုက်နာထားပါသည်။

ဦးဓမ္မသာရ ဆရာတော်သည် တရားနှလုံးသွင်းသောနည်းကို အလွန်ယုံကြည်အားထားပါသည်။ အဲဒါကြောင့်လည်း ဆရာတော် ဦးဓမ္မသာရသည် တရားဟောကောင်းသည်ဟု နာမည်ကြီးခဲ့ပါသည်။ ဆရာတော် ဦးဓမ္မသာရသည် ပိဋကတ်စာပေ မတတ်သော်လည်း၊ ပိဋကတ်စာပေ အများကြီးတတ်သော ဆရာတော် ဦးယောသိတ မိုးကုတ်ဓမ္မကထိက၊ စနေ၊ တနင်္ဂနွေ နံက်မှာ မြဝတီ တီဗွီမှ တရားဟောဆရာတော် ဦးယောသိတက၊ တီဗွီမှာ မိန့်တော်မူသည်မှာ၊ ဆရာတော်ဦးဓမ္မသာရသည် ဆရာတော်ဦးယောသိတ အား တရားသဘောပေါက်အောင် သင်ကြားပြသပေးသောဆရာ ဖြစ်ပါသည်ဟု မိန့်တော်မူပါသည်။

ဆရာတော် ဦးဓမ္မသာရသည် အဘယ့်ကြောင့် အဲ့ဒီလောက် အဟောကောင်း၊ အပြောကောင်း ဖြစ်ရသလဲဆိုလျှင်၊ သမ္မာသင်္ကပ္ပ အားနှင့် ဟောသောတရားကို နှလုံးသွင်းကောင်းတော့ ဉာဏ်ကလည်း အလွန်ထက်မြက်လာတာပါ။

ပိဋကတ်စာပေမတတ်သော ကျွန်တော့်ကိုလည်း မိုးကုတ်ဆရာတော်တရားကို နာဆဲအချိန်နှင့် နာပြီးအချိန်မှာလည်း သမ္မာသင်္ကပ္ပ အားကောင်းစွာနှင့်၊ အပြန်ပြန် အလှန်လှန် နှလုံးသွင်း၍ ဉာဏ်အားကောင်းအောင်ကြိုးစားပါဟု ဆရာတော် ဦးဓမ္မသာရ က ညွှန်ကြားဆုံးမခဲ့သည်။

http://www.dhammadownload.com



## အတုယူဖွယ်ကောင်းသော
## လယ်တီဆရာတော်ဘုရားကြီး၏ဒါန

အလှူမျိုးစုံမှာ လယ်တီဆရာတော်ဘုရားကြီး၏ အလှူသည် အားတက်ဖို့ကောင်းသည်။ ကိုရင်သာမဏေ များနှင့် ရဟန်းတော်များ၊ အညစ်အကြေးခွန့်သည့် ကုဋီများကို ရေနှင့်ဆေးကြော သန့်ရှင်းရေးဒါနကို ညစဉ်(၂)နာရီ မှာ ပြုလုပ်သတဲ့။

ဤတွင်ပြီးဆုံးပါပြီ

လှူအပ်ဆက်ကောင်းသောအရာ မရှိပါ။
ဓမ္မာနုဿတော်နှင့် သတိပေးပါရစေ၊
အရှင်းမရှုပ်ပါစေနဲ့။
ကိုယ်ပြုတတ်အတိုင်း အကျိုးပေးမှာပါ။

ဦးခင်စိုး
အောင်တော်မူရပ်
မန္တလေးမြို့။
ဖုန်း- ၀၂ -၆၆၂၀၉

http://www.dhammadownload.com

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း

## ပိတ်ကားဆိုဒ်စုံ

| | | | | |
|---|---|---|---|---|
| ၁။ | ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း | ၉' | × | ၇'၁/၂" |
| ၂။ | ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း | ၆' | × | ၈' |
| ၃။ | ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း | ၃' | × | ၄'၁/၂" |
| ၄။ | ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း | ၁'၁/၂" | × | ၂' |

**VINYL (ပလပ်စတစ်)**

များဖြင့်လည်း ဆိုဒ်စုံရရှိနိုင်ပါသည်။

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာပြန့်ပွားရေး

အမှတ်(၁၇၁)၊ မြစ်နွှာလမ်း၊ ၂၇ × ၂၈ ကြား၊ ၆၂ × ၆၃ ကြား

အောင်တော်မူရပ်၊ မန္တလေးမြို့၊ ၀၂-၆၆၂၀၉

## ပြန့်ချိသောစာအုပ်များ

၁။ ဉာတပရိညာ (ပဌမ) တွဲ

၂။ ဉာတပရိညာ (ဒုတိယ) တွဲ

၃။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ အဖွင့်

၄။ ဝိသာခနှင့်ဓမ္မဒိန္နာ

၅။ ဒိဋ္ဌိသုံးမျိုးဖြုတ်နည်းနှင့်ဝိပဿနာရှုနည်း

၆။ မေတ္တာသုတ်အဖွင့်

၇။ ဇော (၇)ကြိမ် နှင့် အာစိဏ္ဏကံ အာသန္နကံ

၈။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း လက်ကမ်းစာရွက်

၉။ ဆရာတော်ဘုရားကြီး၏ဩဝါဒလက်ကမ်းစာရွက်

များကို လက်လီလက်ကား ဖြန့်ချိပေးနေပါသည်။

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီး၏

- ပုံတော်များ (ဆိုဒ်စုံ)
- ဓာတ်တော်ပုံတော်များ
- ရင်ထိုးများ
- ကာက်ဆက်တိပ်ခွေများလည်း ရရှိနိုင်ပါသည်။

## လက်လီ - လက်ကား ရနိုင်သောဌာန

**ဦးခင်စိုး**

မိုးကုတ်ဝိပဿနာပြန့်ပွားရေး

အမှတ်(၁၇၁)၊ မြစန္ဒာလမ်း၊ ၂၇ × ၂၈ကြား၊ ၆၂ × ၆၃ကြား၊

အောင်တော်မူရပ်၊ မန္တလေးမြို့ ဖုန်း - (၀၂) ၆၆၂၀၉


## လက်လီရနိုင်သောဌာနများ

မန္တလေးမြို့စာအုပ်ဆိုင်များ

ရန်ကုန်မြို့တွင်းနှင့်ရွှေတိဂုံဘုရားစာအုပ်ဆိုင်များတွင်ရနိုင်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

